# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၂၆၂)၊ ၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်၊ ၂၆-၈-၂၀၂၅၊ အင်္ဂါနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများသည် မြန်မာနိုင်ငံရှိ တိုင်းရင်းသားပြည်သူအများစု၏ အဓိကအသက်မွေးဝမ်းကျောင်း လုပ်ငန်းဖြစ်သကဲ့သို့ နိုင်ငံ့စီးပွားရေး၏ အသက်သွေးကြောလည်းဖြစ်

## စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး ဝိုင်းဝန်းကြိုးပမ်း

နေပြည်တော် ဩဂုတ် ၂၅

စိုက်ပျိုးရေးနှင့် မွေးမြူရေး ဖွံ့ဖြိုးရေးကော်မရှင်၏ (၄/၂၀၂၅) အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဥက္ကဋ္ဌ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍသည် နိုင်ငံတော်၏ ဦးစားပေးကဏ္ဍဖြစ်**

ဦးစွာ စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက အမှာစကားပြောကြားရာတွင် ယနေ့ အစည်းအဝေးသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီးနောက် ပထမဆုံးခေါ်ယူသည့် အစည်းအဝေးဖြစ်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍသည် နိုင်ငံတော်၏ ဦးစားပေးကဏ္ဍဖြစ်သည့်အတွက် အရေးကြီးသည်ကို ပြောကြားလိုကြောင်း။

စာမျက်နှာ ၃ သို့ ⃝




နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင် (၄/၂၀၂၅) အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၂၅**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ တနင်္သာရီတိုင်းဒေသကြီးတွင် ဒေသအလိုက်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးမည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဓလ

၂၀၂၅ ခုနှစ် ၊ ဩဂုတ် ၂၆ ရက်၊ အင်္ဂါနေ့။

မန္တလေး

# မြန်မာ့ရိုးရာအစဉ်အလာ လှေသဘင်ပွဲတော်နှင့် ရင်းမာလှိုင်သင်း လတော်သလင်း

တော်သလင်းလသည် မြန်မာ့ပြက္ခဒိန်တွင် ဆဋ္ဌမမြောက်လဖြစ်သည်။ မိုးတွင်းကာလဖြစ်ပြီး ဝါတွင်းသုံးလတွင်လည်း ပါဝင်နေသည်။ မိုးတွင်းသည် မြန်မာပြည်သူတို့အတွက် အမှတ်တရရာသီဖြစ်ပြီး စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်၍ လယ်ယာစိုက်ပျိုးရေးကို အလေးထားကြသည်။ သို့ဖြစ်၍ လယ်ယာလုပ်ငန်းအတွက် အရေးပါသော မိုးရာသီ တော်သလင်းလသည် မြန်မာ့လယ်သမားကြီးများအတွက် အားထားရသောလဖြစ်သည်။

တော်သလင်းလကို ရှေးအခါက သစ်ဆင်းလဟုလည်း ခေါ်ဆိုကြကြောင်း သိမှတ်ရသည်။ တော်သလင်းလသည် ရေစီးအဟုန်ကောင်း၍ မြစ်များအတွင်း သာယာသောကြောင့် သစ်ဖောင်များ၊ ဝါးဖောင်များ စုန်ဆင်းသည်ကို အစွဲပြုကာ "သစ်ဆင်း"လဟု ခေါ်တွင်ခြင်းဖြစ်သည်။ ပင်လယ်ရေလုပ်သားတို့သည်လည်း တော်သလင်းလတွင် ပင်လယ်အတွင်း ငါးဖမ်းခြင်းလုပ်ငန်းကို စတင်လုပ်ကိုင်ရန်အတွက် ပင်လယ်ပြင်သို့ ထွက်ခွာလေ့ရှိကြသည်။ "တော်သလင်းနေ ပုစွန်သေ"ဟု ဆိုသည့်အတိုင်း နေရှိန်ပြင်းသောလလည်းဖြစ်သည်။ တော်သလင်းလ၏ ရာသီပန်းမှာ ရင်းမာပန်းဖြစ်သည်။

လအလိုအားဖြင့် ဝါဆို၊ ဝါခေါင်၊ တော်သလင်း ဝါတွင်းသုံးလ နောက်ဆုံးလဖြစ်သည်။ ဝါတွင်းသုံးလတွင် ကုသိုလ်ကောင်းမှု၊ သူတော်ကောင်းတရားများ အစဉ်ကျင့်ကြံပွားများကြသော ကာလဖြစ်သည်။ တော်သလင်းလတွင် ရှေးအခါက "လှေသဘင်ပွဲတော်" ကျင်းပလေ့ရှိသည်။ လှေသည် မြန်မာ့လူမှုဓလေ့တွင် အရေးပါပြီး ကျေးလက်ဇနပုဒ်မှ ဘုရင့်နန်းတော်အထိ လှေကိုအသုံးပြုကြသည်။ အသုံးတွင်ကျယ်သော လှေကို အထူးဂရုပြုသောအားဖြင့် လှေသဘင်ပွဲတော် ကျင်းပခြင်းဖြစ်သည်။ ရှေးမြန်မာဘုရင်များ အမြော်အမြင်ရှိရှိ ကျင်းပလေ့ရှိသောပွဲလည်း ဖြစ်သည်။ မြန်မာ့ရေတပ်အတွက် လှေလှော်လှေခတ်အတတ်များ ကျွမ်းကျင်သော ရေတပ်သားများ ပေါ်ထွန်းစေရန် ကျင်းပခြင်းဖြစ်သည်။ ရှေးဘုရင်များခေတ်က လှေသဘင်ပွဲတော် ကျင်းပရာတွင် ဘုရင်မင်းမြတ်ကိုယ်တော်တိုင် ရှုစားတော်မူသည်။ မြတ်နိုးဖွယ်ရာကောင်းသော မြန်မာ့ရိုးရာ အစဉ်အလာလည်းဖြစ်သည်။

ထို့အပြင် "တော်သလင်းမိုး ကန်သင်းကျိုး"ဆိုသကဲ့သို့ တော်သလင်းလ၌ ရွာသောမိုးသည် သည်းထန်သောကြောင့် ကန်သင်းများကျိုးကာ ရေများဝင်ရောက်ပြီး စပါးခင်းများ ပျက်စီးခြင်းလည်း ရှိတတ်ပြန်သည်။

တော်သလင်းလပြည့်နေ့ကို ဂရုဓမ္မအခါတော်နေ့အဖြစ် သတ်မှတ်ခေါ်ဝေါ်ခဲ့သည်။ ဂရုဓမ္မဟူသည် အလေးအမြတ်ပြုအပ်သော တရားရှိသေလေးစား ဝန်ခံရာတွင် ပြုကျင့်အပ်သောတရားဟုခေါ်သည်။ ဂရုဓမ္မတရားငါးပါးရှိပြီး သူ့အသက်သတ်ခြင်းမှရှောင်ကြဉ်ခြင်း၊ သူတစ်ပါး၏ ဥစ္စာပစ္စည်း ခိုးယူခြင်းမှရှောင်ကြဉ်ခြင်း၊ သူတစ်ပါးသားမယားအား ပြစ်မှားခြင်းမှရှောင်ကြဉ်ခြင်း၊ မဟုတ်မမှန်သော စကားပြောဆိုခြင်းမှရှောင်ကြဉ်ခြင်း၊ သေရည်သေရက်မူးယစ်ဆေးဝါး သောက်စားသုံးစွဲခြင်းမှရှောင်ကြဉ်ခြင်းများ ဟူသည့် ငါးပါးသီလပင်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာ့ရိုးရာအစဉ်အလာ လှေသဘင်ပွဲတော်နှင့် ရင်းမာလှိုင်သင်း လတော်သလင်းသည် လူတိုင်းလူတိုင်းအတွက် ဂရုဓမ္မတရားဖြင့် ကျင့်သုံးနေထိုင်ပြီး ယခုဘဝ၊ နောင်ဘဝတို့တွင် ကောင်းမြတ်ရန် နှိုးဆော်လျက်ရှိသောလဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ




**မန္တလေး ဩဂုတ် ၂၅**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်၊ ၆၃လမ်း၊ ၂၄လမ်းနှင့် ၂၅လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ ၅၈လမ်း၊ ၁၂၈လမ်းနှင့် ၁၂၉လမ်းကြားတို့တွင်ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်ကို ဩဂုတ် ၂၆ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအနောက်၊ ၃၄ လမ်း၊ ၈၅လမ်းနှင့် ၈၆လမ်းကြား၊ မလွန်ရေတွန်းစက်ရုံရှေ့နှင့် အမရပူရမြို့နယ်၊ ရွှေကြက်ယက်ကျေးရွာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ ဇေယျာဝတီကမ်းနားလမ်းတို့တွင်လည်းကောင်း၊ ဩဂုတ် ၂၇ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအနောက်ရပ်ကွက်၊ ၄၁ လမ်း၊ သင်္ဂဇာမြောင်းဘေးနှင့် ချမ်းမြသာစည်မြို့နယ်၊ MIIT ကျောင်းရှေ့၊ ၇၃လမ်း ၁၀၇လမ်းနှင့် ၁၀၈လမ်းကြားတို့တွင်လည်းကောင်း၊ ဩဂုတ် ၂၈ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ ၁၂၁လမ်း၊ ၅၂လမ်းနှင့် ၅၃လမ်းကြားတွင်လည်းကောင်း၊ ဩဂုတ် ၂၉ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့် အမရပူရမြို့နယ်၊ မြစ်ငယ်ရပ်ကွက်၊ သောကမ္ဘာရုံတို့တွင် ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့် သားသတ်ဌာနဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ် ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၆)

## စာပတ်ရှိန်မြှင့်တင်ရေး၊ စာပေအလင်းရောင် ကျောင်းစာကြည့်တိုက် (၂)နှစ်ပြည့် အထိမ်းအမှတ်နှင့် အလှူရှင်ဂုဏ်ပြုပွဲ ကျင်းပ



**မန္တလေး ဩဂုတ် ၂၅**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းတောင်ကျေးရွာရှိ အမှတ်(၁၈) အခြေခံပညာမူလတန်းကျောင်းတွင် ယနေ့နံနက် ၈ နာရီက စာဖတ်ရှိန်မြှင့်တင်ရေး၊ စာပေအလင်းရောင် ကျောင်းစာကြည့်တိုက် (၂)နှစ်ပြည့်အထိမ်းအမှတ်နှင့် အလှူရှင်ဂုဏ်ပြုပွဲ အခမ်းအနား ကျင်းပသည်။(ဝဲပုံ)

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေလင်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး၊ အောင်မြေသာစံခရိုင်ပညာရေးမှူး ဦးသိန်းဒန်က ဂုဏ်ပြုအမှာစကားပြောကြားခဲ့သည်။ ထို့နောက် စက်ရေတွင်း အလှူရှင်အား ကျောင်းအုပ်ဆရာမကြီးဒေါ်နွဲ့နွဲ့ရီက ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့သည်။

ဆက်လက်၍ စာဖတ်ရှိန်မြှင့်တင်ခြင်းအနေဖြင့် ကဗျာရွတ်၊ ပုံပြင်ပြောပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများမှ ဆုများကို အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။ အခမ်းအနားဖြစ်မြောက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းအပေါ် ကျောင်းအုပ်ကြီးမှ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။(၀၉၅)

## ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Center) အစည်းအဝေးခန်းမတွင် စွမ်းရည်မြှင့်ပြိုင်ပွဲများ ကျင်းပ

**မန္တလေး ဩဂုတ် ၂၅**

ကျောင်းသားလူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် အတွေးအခေါ်များ မြင့်မားစေရေးတို့အတွက်ရည်ရွယ်ကာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်အမှတ်( ၅)ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတို့ ပူးပေါင်းကျင်းပသော စွမ်းရည်မြှင့်ပြိုင်ပွဲများကို ယနေ့မွန်းလွဲပိုင်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ (Community Center) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးထွန်းထွန်းနိုင်က ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့ပြီး အမှတ်(၅)ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ကျောင်းသား၊ကျောင်းသူများမှ ပြိုင်ပွဲများကို အသီးသီး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

စွမ်းရည်မြှင့်ပြိုင်ပွဲများ ကျင်းပရာတွင် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ သင်္ချာဉာဏ်စမ်းပြိုင်ပွဲ၊ စိတ်ကြိုက်ပန်းချီပြိုင်ပွဲများကို ကျင်းပပြုလုပ်ခဲ့ပြီး အမှတ်(၅)ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၄၀ ဦး ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲတွင် ဆုရရှိသူများအား ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ကျောင်းသားလူငယ်များ ဉာဏ်ရည်မြင့်မားစေရန်သာမက ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်တို့အတွက် အသိပညာပေးဟောပြောပွဲများ၊ လူငယ်စကားဝိုင်းများ၊ စွမ်းရည်မြှင့်ပြိုင်ပွဲများကို စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ချမ်းမြေ့မောင်**

၀-၀-၀-၀-၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# စိုက်ပျိုးရေးသုတေသနလုပ်ငန်းများတွင် လူသားအရင်းအမြစ် ရင်းနှီးမြှုပ်နှံခြင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးကျေးဇူးပြန်လည်ရရှိမှုနှုန်း အလွန်မြင့်မားပြီး ကုန်ထုတ်စွမ်းအားနှင့် ယှဉ်ပြိုင်နိုင်စွမ်းတိုးတက်ရေးတွင် အဓိကအခန်းကဏ္ဍတွင်ပါဝင်

> ❖ **ပြည်သူတစ်ရပ်လုံး စားရေရိက္ခာဖူလုံရေး၊ ဆန်စပါးနှင့် ဆီထွက်သီးနှံ စိုက်ပျိုးရေး၊ ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်ရေး၊ အသား၊ ငါး၊ ရေထွက်ကုန် တိုးတက်ထုတ်လုပ်၍ ပြည်ပဈေးကွက်ကောင်းရရှိပြီး ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးတို့ကို ဝန်ကြီးဌာနများအပါအဝင်၊ UMFCCI အသင်းအဖွဲ့များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ တောင်သူလယ်သမားကြီးများအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်**

○ ရှေ့ဖုံးမှ

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက် (၄)ရပ်တွင် ပါရှိသည့် **"နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်ရေး၊ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး"** ဟု နိုင်ငံတော်အနေဖြင့် စိုက်ပျိုးမွေးမြူရေးကို အဓိကဦးစားပေးကဏ္ဍအဖြစ် သတ်မှတ်ခြင်းသည် နိုင်ငံတော်၏ စီးပွားရေးစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ကော်မရှင်အနေဖြင့် "နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့" ဆိုသည့်အတိုင်း စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမှသည် ကုန်ထုတ်လုပ်မှုစွမ်းအားတိုးတက်ရေးကို အလေးထားကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

လူတို့၏ အဓိကလိုအပ်ချက်မှာ စားဝတ်နေရေးဖြစ်သည့်အတွက် စားဝတ်နေရေးကို ဖြည့်ဆည်းပေးနေသည့် စိုက်ပျိုးမွေးမြူရေးနှင့် Agro – based Industries ကုန်ထုတ်လုပ်ငန်းတို့သည် အဓိကဖြစ်ကြောင်း၊ မိမိတို့ မြန်မာနိုင်ငံသည် ရေမြေသယံဇာတများစွာ ပေါများသောနိုင်ငံဖြစ်သည့်အတွက် စားရေး၊ ဝတ်ရေး၊ နေရေးတို့ကို စိုက်ပျိုးမွေးမြူရေးကဏ္ဍနှင့် တောတောင်သယံဇာတတို့မှ ရရှိကြသည့်အတွက် နိုင်ငံသူ နိုင်ငံသားများအတွက် ပြည့်စုံသော နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်အကြီးအကဲက ပန်းတိုင်အထွက်တိုးရေးနှင့် သီးထပ်များ စိုက်ပျိုးနိုင်ရေးကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် လက်ရှိမိုးစပါးစိုက်ဧကများ ပန်းတိုင်အထွက်နှုန်း ရရှိအောင် ကြိုးပမ်းရန်နှင့် နွေစပါးကို ရေရရှိနိုင်မှုအပေါ်မူတည်ပြီး တိုးချဲ့စိုက်ပျိုးသွားရန်လိုအပ်ကြောင်း၊ လယ်မြေအဖြစ် ပြောင်းလဲစိုက်ပျိုးနိုင်ခြင်းမရှိသည့် တောင်ကုန်းနေရာများတွင် နှစ်ရှည်သစ်ပင်များ စိုက်ပျိုးနိုင်ရေး ဆောင်ရွက်သွားရန်လိုအပ်ကြောင်းကို လမ်းညွှန်ခဲ့ပြီးဖြစ်ကြောင်း။

ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုး ဆောင်ရွက်ရေးသည် အရေးကြီးသည့်အတွက် ဆီထွက်သီးနှံများဖြစ်သော မြေပဲ၊ နှမ်းနှင့် နေကြာတို့ကို အထူးဇုန်များသတ်မှတ်စိုက်ပျိုးလျက်ရှိသော်လည်း ရည်မှန်းချက်မပြည့်မီနိုင်သေးကြောင်း၊ နေကြာတိုးချဲ့ စိုက်ပျိုးရေးကို ၂၀၂၂ ခုနှစ်မှစ၍ လမ်းညွှန်မှာကြားထားပြီးဖြစ်သည့်အတွက် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။ အကောင်အထည်ဖော်ဆောင်ရွက်မှုများတွင် ရလဒ်ကောင်းကိုရရှိရန် အလှမ်းကွာဝေးနေသေးသည့်အတွက် အကြိမ်ကြိမ်တွန်းအားပေး ပြောဆိုနေရခြင်းပင်ဖြစ်ကြောင်း။

ပြည်တွင်း စားသုံးဆီဖူလုံရေးနှင့် ပြည်ပတင်ပို့နိုင်ရေးအတွက် နေကြာတိုးချဲ့ စိုက်ပျိုးသင့်ကြောင်း၊ နေကြာတိုးချဲ့စိုက်ပျိုးခြင်းဖြင့် အထွက်နှုန်းမြင့်မားခြင်း၊ စိုက်ပျိုးချိန်ကာလတိုတောင်းခြင်း၊ စိုက်ပျိုးရလွယ်ကူခြင်း၊ နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုနိုင်ကြောင်း၊ နေကြာဆီပိုလျှံထွက်ရှိခြင်းဖြင့် နိုင်ငံတော်၏ စားသုံးဆီ လိုအပ်ချက်ကိုလျှော့နည်းစေပြီး ပြည်ပနိုင်ငံများမှတင်သွင်းမှုလျှော့ချနိုင်ခြင်းကြောင့် နိုင်ငံခြားငွေသုံးစွဲမှု သက်သာစေမည်ဖြစ်သည့်အတွက် နေကြာတိုးချဲ့စိုက်ပျိုးရေးကို အလေးထား၍ မူဝါဒချမှတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ ခန့်မှန်းလူဦးရေ ၅၁ ဒသမ ၃ သန်းအတွက် လူတစ်ဦး တစ်နှစ် ခြောက်ပိဿာနှုန်းဖြင့် တွက်ချက်ပါက ဆီတန်ချိန် ငါးသိန်း လိုအပ်မည်ဖြစ်ကြောင်း၊ လက်ရှိ စိုက်ပျိုးနေသော မြေပဲ၊ နှမ်း၊ နေကြာ၊ မုန်ညင်း၊ ပန်းနှမ်းသီးနှံများ၏ ထွက်ရှိမှုအရ စားသုံးဆီထုတ်လုပ်ခဲ့သော် နိုင်ငံတွင်ဖူလုံနိုင်သည်ဟု ခန့်မှန်းတွက်ချက်ရနိုင်သော်လည်း မြေပဲ၊ နှမ်း သီးနှံများမှာ လုံးဆန်အနေဖြင့်လည်း စားသုံးကြသည့်အပြင် ပြည်ပသို့လည်း တင်ပို့ရောင်းချလျက်ရှိသောကြောင့် ပြည်တွင်းဆီဖူလုံရေးအတွက် လိုအပ်ချက်ရှိမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ စားသုံးဆီအဖြစ်သာ သုံးစွဲနိုင်မည့် နေကြာသီးနှံကို ပိုမိုတိုးချဲ့စိုက်ပျိုးရန် လိုအပ်လျက်ရှိပါကြောင်း၊ ယခုအခါ နှစ်စဉ် ပြည်ပမှ စားအုန်းဆီ အမေရိကန်ဒေါ်လာ သန်း ၅၀၀ ဖိုးခန့် တင်သွင်းနေရသည့်အတွက် ပြည်ပမှ စားသုံးဆီ တင်သွင်းမှုလျှော့ကျစေရေးအတွက် ပြည်တွင်း၌ ဆီထွက်သီးနှံဖြစ်သည့် နေကြာသီးနှံကို ပိုမိုတိုးချဲ့ စိုက်ပျိုးရန် လိုအပ်ပါကြောင်း။

အလားတူ နေကြာဆီသည် အရည်အသွေးကောင်းပြီး ကျန်းမာရေးအတွက် အထောက်အကူဖြစ်စေသော စားသုံးဆီဖြစ်ပြီး ဈေးကွက်ဝင်သီးနှံဖြစ်သောကြောင့် စနစ်တကျစိုက်ပျိုး ထုတ်လုပ်ပါက တောင်သူလယ်သမားများ၏ဝင်ငွေ တိုးတက်စေမည်ဖြစ်ကြောင်း၊ ထို့ပြင် စပါးနှင့် ပဲကိုသာ အထူးပြုစိုက်ပျိုးသော သီးနှံပုံစံမှ နေကြာကို သီးနှံတစ်မျိုးအနေဖြင့် ကျယ်ပြန့်စွာစိုက်ပျိုးနိုင်ခြင်းဖြင့် တောင်သူလယ်သမားများ၏ စိုက်ခင်းတွင် သီးနှံမျိုးစုံလင်အောင် စိုက်ပျိုးနိုင်ကာ (Crop Diversification) ကို ရရှိနိုင်စေခြင်း၊ တစ်ဖန် နေကြာကို သီးလှည့်စိုက်ပျိုးခြင်းဖြင့် မြေဆီလွှာအာဟာရကိုလည်း ထိန်းသိမ်းပေးထားနိုင်သည်ဟု လေ့လာတွေ့ရှိရကြောင်း၊ လက်ရှိတွင် ပြည်တွင်းဆီဖူလုံရေးဆောင်ရွက်ရာတွင် မြေပဲဆီဈေးနှုန်းသည် ထုတ်လုပ်မှုစရိတ်များသည့်အတွက် စားသုံးသူများအနေဖြင့် လက်လှမ်းမီသည့် ဈေးနှုန်းဖြစ်စေရန် ပြည်တွင်းဆီစက်များ ဆက်လက်ရှင်သန်နိုင်ရေး၊ ဆီထွက်သီးနှံကုန်ကြမ်းဈေးနှုန်းများ ကျဆင်းလာစေရေးအတွက် ဆီထွက်သီးနှံစုံ တိုးချဲ့စိုက်ပျိုးရေးကို မူဝါဒတစ်ခုအဖြစ် ဆောင်ရွက်သွားရမည်ဖြစ်သဖြင့် စိုက်ဧရိယာပိုမိုတိုးတက်ရေးနှင့် သီးထပ်စွမ်းအားတိုးတက်ရန် ဆောင်ရွက်ရေးတို့ကို တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များ၏ ဦးဆောင်မှုဖြင့် အောင်မြင်အောင် ဆောင်ရွက်ကြရန်လိုကြောင်း။

"နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့" ဆိုသည့်အတိုင်း စိုက်ပျိုးရေးကဏ္ဍတွင်လည်း စိုက်ပျိုးရေးပညာရပ်ကို မြှင့်တင်ဆောင်ရွက်ရန် လိုအပ်ပြီး လက်ရှိတွင် စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးတက္ကသိုလ်များအပြင် မိမိတို့အစိုးရလက်ထက်၌ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း ၈၉ ကျောင်း ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ကျောင်းသားကျောင်းသူ ၅၀၉၁ ဦး လာရောက်အပ်နှံ တက်ရောက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေးသုတေသနလုပ်ငန်းများတွင် လူသားအရင်းအမြစ် ရင်းနှီးမြှုပ်နှံခြင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးကျေးဇူးပြန်လည်ရရှိမှုနှုန်း အလွန်မြင့်မားပြီး ကုန်ထုတ်စွမ်းအားနှင့် ယှဉ်ပြိုင်နိုင်စွမ်း တိုးတက်ရေးတွင် အဓိကအခန်းကဏ္ဍတွင် ပါဝင်နေကြောင်း။

စိုက်ပျိုးရေရရှိရေးအတွက် လက်ရှိနိုင်ငံတစ်ဝန်းတွင် ရေလှောင်တမံ၊ ရေလွှဲဆည်၊ ဆည်ရေသောက်စနစ်၊ ရေတင်လုပ်ငန်း၊ မြေအောက်ရေ၊ စက်ရေတွင်းများမှ စိုက်ပျိုးရေပေးဝေခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ရေချိုသွင်းမြောင်း တူးဖော်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်၍ ဆိုလာစနစ်သုံးရေသွင်းရေတင်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အရေးကြီးသီးနှံ ၁၀ မျိုးအပြင် အာလူး၊ ကြက်သွန်နီနှင့်ကြက်သွန်ဖြူတို့ကိုလည်း အရေးကြီးသီးနှံသုံးမျိုးအဖြစ် ထည့်သွင်းသတ်မှတ်ပြီး ပန်းတိုင်အထွက်နှုန်း ရည်မှန်းချက်ပြည့်မီရေးကို တိုင်းဒေသကြီး၊ ပြည်နယ်များအနေဖြင့် အလေးထားဆောင်ရွက်ရန် အထူးတိုက်တွန်းလိုကြောင်း။

စပါးစိုက်ပျိုးသည့်တောင်သူများအား Drum Seeder များ အပြည့်အဝအသုံးပြုပြီး အစေ့ချဆောင်ရွက်ခြင်းဖြင့် စပါးအထွက်နှုန်း တိုးတက်ကောင်းမွန်ရေး နိုင်ငံတော်မှ မတည်ငွေများ အတိုးမဲ့ စိုက်ထုတ်ဆောင်ရွက်ပေးထားကြောင်း၊ Drum Seeder များကို နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီးခြောက်ခုတို့အတွက် ရှေ့ပြေးဦးစားပေး ဆောင်ရွက်ပေးထားပြီး နောက်ပိုင်းတွင် ကျန်ရှိသည့်ဒေသများတွင်လည်း ပံ့ပိုးကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ယခုနှစ် ဩဂုတ်လမှစ၍ နိုင်ငံတော်၏ စီးပွားရေးအထောက်အကူပြု သီးနှံများကို စိုက်ပျိုးထုတ်လုပ်လျက်ရှိသည့် တောင်သူများ အဓိကလိုအပ်သော ယူရီးယားဓာတ်မြေဩဇာနှင့် ၁၅ ပတ်လည် ကွန်ပေါင်းဓာတ်မြေဩဇာတို့ကို စိုက်ပျိုးရေးနှင့်မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်နှင့် ယူရီယားဓာတ်မြေဩဇာတင်သွင်းဖြန့်ဖြူးရေးဦးဆောင်ကော်မတီတို့မှ ဈေးကွက်ပေါက်ဈေးထက် ၂၅ ရာခိုင်နှုန်းအောက် လျှော့နည်းသောဈေးနှုန်းဖြင့် တောင်သူများ လက်ဝယ်အရောက်ဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ မိုးသီးနှံအထွက်နှုန်းတိုးရန်လိုအပ်သည့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးတို့၌ အဓိကဖြန့်ဖြူးပေးထားသည့်အပြင် ကျန်တိုင်းဒေသကြီး၊ ပြည်နယ်များအတွက်ပါ လျာထားဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်တွင် စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်ရန်အတွက်လည်း "နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့" ဆိုသည့်အတိုင်း နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မြန်မာနိုင်ငံအလယ်ပိုင်းရာသီဥတုပူပြင်းသည့် ဒေသများတွင် အပူဒဏ်များလွန်ကဲစွာမခံစားရစေရန် သစ်ပင်များ စိုက်ပျိုးပေးခြင်းသည် အကောင်းဆုံးဖြစ်ကြောင်း။ သစ်ပင်များမရှိပါက မြေဆီလွှာများ ပျက်သုဉ်းလာပြီး သစ်ပင်များရှင်သန်မှုများ နည်းပါးလာပါက ကန္တာရဆူးပင်များဖြင့် ပြည့်လာမည်ဖြစ်သည့်အတွက် ထိုသို့မဖြစ်ပေါ်စေရန် သစ်ပင်များ စိုက်ပျိုး၍ ကြိုတင်ကာကွယ်ခြင်းများကို လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ရန်လိုအပ်ကြောင်း။

အလားတူ မွေးမြူရေးကဏ္ဍသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် မွေးမြူရေးတောင်သူတစ်ဦးချင်း၏ ဝင်ငွေတိုးတက်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန် အရေးကြီးသည့် အခန်းကဏ္ဍတွင်ပါဝင်ပြီး တိုးတက်လာသည့် ပြည်သူလူထုအတွက် စားရေရိက္ခာ ဖူလုံကြွယ်ဝစေရေးနှင့် အာဟာရဓာတ်ပြည့်ဝစေရေး အထူးအရေးကြီးသည့် လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ အထူးသဖြင့် နို့စားနွားတိုးချဲ့မွေးမြူနိုင်အောင် စီမံဆောင်ရွက်ပြီး နို့နှင့်နို့ထွက်ပစ္စည်းထုတ်လုပ်မှုကဏ္ဍ တိုးတက်အောင် ဆောင်ရွက်ပေးခြင်းဖြင့် ပြည်ပမှ နို့နှင့်နို့ထွက်ပစ္စည်း တင်သွင်းမှုကို လျှော့ချနိုင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပြီး နို့စားနွားသာမက အသားစားနွား မွေးမြူရေးကို တိုးမြှင့်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

သိုးနှင့် ဆိတ်မွေးမြူရေးသည်လည်း နိုင်ငံအတွင်း ဖြစ်ထွန်းအောင်မြင်နေသည့် မွေးမြူရေးလုပ်ငန်းဖြစ်သည့်အပြင် ဝက်မွေးမြူရေးနှင့် ကြက်မွေးမြူရေးတွင် လက်ရှိ မွေးမြူရေးကဏ္ဍသည်လည်း ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နေသည့် လုပ်ငန်းဖြစ်ကြောင်း၊ လှောင်အိမ်စနစ် အအေးခန်းအလုံပိတ်စနစ်များနှင့် ခေတ်မီမွေးမြူနေသည့် လုပ်ငန်းဖြစ်ကြောင်း၊ နိုင်ငံသူ၊ နိုင်ငံသားများအတွက် လူတစ်ဦးချင်း တစ်နှစ်စားသုံးရမည့် အသားနှင့် ကြက်ဥနှုန်းထား(Per Capital Consumption) တိုးတက်ထုတ်လုပ်နိုင်အောင် ဆောင်ရွက်ပြီး နိုင်ငံသားများ၏ ကျန်းမာရေးအဆင့်မြင့်မားရေးကို ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ထို့အပြင် ရေချိုရေငန်ငါး၊ ပုစွန်မွေးမြူရေးကဏ္ဍသည်လည်း စားရေရိက္ခာဖူလုံရေးအတွက်သာမက ပြည်ပဝင်ငွေရရှိရေးတွင် အရေးကြီးသည့် အခန်းကဏ္ဍ၌ ပါဝင်လျက်ရှိသည့်အတွက် မွေးမြူရေးကဏ္ဍကို တိုးချဲ့ဆောင်ရွက်ကြရန်နှင့် ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့ကာ နိုင်ငံခြားငွေ ပိုမိုရရှိမည်ဖြစ်ကြောင်း။ မွေးမြူရေးမှ ထွက်ရှိသည့် အသား၊ ငါးများကို တန်ဖိုးမြှင့်ထုတ်ကုန် (Value Added) အနေဖြင့် ပြောင်းလဲထုတ်လုပ် တင်ပို့ရောင်းချခြင်းဖြင့် ပြည်တွင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစက်မှုလုပ်ငန်း (MSME) များ ဖွံ့ဖြိုးတိုးတက်ပြီး မွေးမြူသူများ အတွက်လည်း ဝင်ငွေပိုမိုရရှိစေမည်ဖြစ်ကြောင်း။

နိုင်ငံတော်၏စီးပွားရေး လျင်မြန်စွာဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများသည် မြန်မာနိုင်ငံရှိ တိုင်းရင်းသား ပြည်သူအများစု၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်း ဖြစ်သကဲ့သို့ နိုင်ငံ့စီးပွားရေး၏ အသက်သွေးကြောလည်း ဖြစ်ကြောင်း။ စိုက်ပျိုးမွေးမြူရေးကဏ္ဍသည် အဓိကကျသည့်အတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး၊ ပြည်သူတစ်ရပ်လုံး စားရေရိက္ခာဖူလုံရေး၊ ဆန်စပါးနှင့် ဆီထွက်သီးနှံစိုက်ပျိုးရေး၊ ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်ရေး၊ အသား၊ ငါး၊ ရေထွက်ကုန် တိုးတက်ထုတ်လုပ်၍ ပြည်ပဈေးကွက်ကောင်းရရှိပြီး ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးတို့ကို ဝန်ကြီးဌာနများ အပါအဝင်၊ UMFCCI အသင်းအဖွဲ့များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ တောင်သူလယ်သမားကြီးများအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း တိုက်တွန်းပြောကြားသည်။

ယင်းနောက် စိုက်ပျိုးရေးနှင့် မွေးမြူရေး ဖွံ့ဖြိုးရေးကော်မရှင်၏ တတိယအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များကို ကော်မရှင်အတွင်းရေးမှူးက ရှင်းလင်းတင်ပြပြီး ကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ဆဲအခြေအနေများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး ဖွံ့ဖြိုးရေးကဏ္ဍများ ဘက်ပေါင်းစုံမှ တိုးတက်စေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များနှင့် လုပ်ငန်းရှင်များက ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

ထို့နောက် စိုက်ပျိုးရေးနှင့် မွေးမြူရေး ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# လှိုင်ကော်မြို့၌ တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးဆွေးနွေးပွဲ ကျင်းပ

## ပိုမိုတည်ငြိမ်အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သည့် လှပသောအနာဂတ်ကို ဝိုင်းဝန်းအကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်





ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ကွန်ပျူတာတက္ကသိုလ်(လှိုင်ကော်)၌ ကျင်းပသည့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

လှိုင်ကော် ဩဂုတ် ၂၅

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းသည် ကယားပြည်နယ်ဝန်ကြီးချုပ်ဦးဇော်မျိုးတင်နှင့်အတူ ယမန်နေ့တွင် ကယားပြည်နယ် လှိုင်ကော်မြို့၌ တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေး ဆွေးနွေးပွဲနှင့် ပြည်သူများ အပန်းပြေစေရန်၊ စိတ်ခွန်အားရရှိနိုင်ရန် အနုပညာရှင်များ၏ ဖျော်ဖြေပွဲများသို့ တက်ရောက်အားပေးပြီး လှိုင်ကော်မြို့ ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။

**ဆက်ကပ်လှူဒါန်း**

နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ လာရောက်ဖျော်ဖြေကြသည့်အနုပညာရှင်များက လှိုင်ကော်မြို့ရှိ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၌ ပြုလုပ်သော လှိုင်ကော်မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်များအတွက် ဆွမ်း၊ ဆီနှင့် လှူဖွယ်ဝတ္ထုများ လှူဒါန်းပွဲသို့ တက်ရောက်၍ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက်ကွန်ပျူတာတက္ကသိုလ်(လှိုင်ကော်)၌ ကျင်းပသည့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး ဆွေးနွေးပွဲသို့ တက်ရောက်ကြသည်။ အဆိုပါ ဆွေးနွေးပွဲသို့ လှိုင်ကော်မြို့ရှိ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ ပညာရေးဒီဂရီကောလိပ်၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း၊ အစိုးရ စက်မှုလက်မှုသိပ္ပံတို့မှ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများလည်း တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပညာရေးဒီဂရီကောလိပ်မှ ကျောင်းသားတစ်ဦးက "လူချွန်လူကောင်း"တေးသီချင်းဖြင့် လည်းကောင်း၊ ပညာရေးဒီဂရီကောလိပ်မှ ကျောင်းသားကျောင်းသူများက ကယားတို့၏ သဘာဝအလှနှင့် စုပေါင်းအကတေးသရုပ်ဖော်ဖြင့် လည်းကောင်း သီဆိုကပြဖျော်ဖြေ တင်ဆက်ကြပြီး **"မြေလျှင်ဒဏ်ကျော်ဖြတ်ကာ ပိုမိုကောင်းမွန်တဲ့ အနာဂတ်"**နှင့် **"နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့"**မှတ်တမ်းရုပ်သံ Video Clip တို့ကို ပြသသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ကယားပြည်နယ်သည် မန္တလေးငလျင်ဘေးဒဏ်ကို ခံစားရမှုမရှိသော်လည်း အကြမ်းဖက်သမားများ၏ အဖျက်လုပ်ရပ်များကြောင့် တိုက်ပွဲဖြစ်စဉ်များ ကြုံတွေ့ခဲ့ရပြီး နယ်မြေတည်ငြိမ်အေးချမ်းမှု ပျက်ပြားသည့်ဒဏ်ကို ခံစားခဲ့ကြရပါကြောင်း၊ ယခုအခါ တပ်မတော်က နယ်မြေတည်ငြိမ်အေးချမ်းမှုကို ပြန်လည်ဖော်ဆောင်ပေးနိုင်မှုနှင့် အတူ နိုင်ငံတော်အစိုးရနှင့် ပြည်နယ်အစိုးရအဖွဲ့တို့၏ ပြန်လည်ပြုပြင်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အလျင်အမြန် အကောင်အထည်ဖော်ဆောင်ရွက်ပေးနေမှုကို တွေ့မြင်ကြရမည် ဖြစ်ပါကြောင်း၊ ပြည်သူချစ်သော အနုပညာရှင်များကလည်း ကယားပြည်နယ်ရှိ ပြည်သူများထံအရောက်လာပြီး အနုပညာစွမ်းအားဖြင့် စိတ်ခွန်အားရရှိနိုင်စေရန် ဖျော်ဖြေပေးခြင်းဖြစ်ပါကြောင်း၊ ပိုမိုတည်ငြိမ်အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သည့် လှပသောအနာဂတ်ကို အတူတကွ ဝိုင်းဝန်းအကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဖျော်ဖြေတင်ဆက်ခဲ့ကြသည့်အဖွဲ့များအား ဆုငွေချီးမြှင့်ပြီး ကယားပြည်နယ်မှ အဆင့်မြင့် ကျောင်းများအတွက် သုတရသစာအုပ်စာစောင်များ၊ ကွန်ပျူတာတက္ကသိုလ်(လှိုင်ကော်)အတွက် MRTV DTH စလောင်းစက် ပစ္စည်းအစုံနှင့် MRTV T2 Set-top Box တို့ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီများရှင်ရန်အောင်တို့က ဆွေးနွေးပွဲ တက်ရောက်လာသူများအတွက် MRTV DTH စလောင်းစက်ပစ္စည်းအစုံနှင့် MRTV T2 Set-top Box တို့ကို ကံစမ်းမဲဖောက်၍ ပေးအပ်သည်။

ယင်းနောက်ကယားပြည်နယ်ရှိ အဆင့်မြင့်ပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ လေးဦးက အင်္ဂလိပ်စာ စွမ်းရည်သရုပ်ပြတင်ဆက်ပြီး ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ကာ ပညာရေးဒီဂရီကောလိပ်မှကျောင်းသား ကျောင်းသူများက ပြည်ထောင်စု၏ ထာဝရအလှများ တေးသီချင်းဖြင့် တေးသရုပ်ဖော် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် လှိုင်ကော်မြို့ရှိ အဆင့်မြင့် သီရိမင်္ဂလာဈေးသစ်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက မူလသီရိမင်္ဂလာဈေးကို ၁၉၉၁ ခုနှစ်က အုတ်ညှပ်၊ သွပ်မိုး၊ ပျဉ်ကာ၊ ကွန်ကရစ်ခင်းဖြင့် ဆောက်လုပ်ထားရှိရာမှ ၂၀၂၃ ခုနှစ်တွင် အကြမ်းဖက်သောင်းကျန်းသူများကြောင့် မီးလောင်ပျက်စီးဆုံးရှုံးခဲ့ခြင်း ဖြစ်ပါကြောင်း၊ ၂၀၂၄ ခုနှစ် ဇူလိုင်လတွင် အဆင့်မြင့် သီရိမင်္ဂလာဈေးသစ် နှစ်ထပ်အဆောက်အအုံကို ပန္နက်တင်၍ စတင်ဆောက်လုပ်ခဲ့ရာမှ ယခုနှစ် ဧပြီလအတွင်း ပထမအဆင့်ကို စတင်ဖွင့်လှစ်နိုင်ခဲ့ပြီး ယခုအခါ ဒုတိယအဆင့် လုပ်ငန်းများကို ဆက်လက် ဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဈေးအတွင်း လှည့်လည် ကြည့်ရှုကြပြီး ဈေးရောင်းချသူများနှင့် ဈေးဝယ်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သကဲ့သို့ အနုပညာရှင်များကလည်း ပရိသတ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခြင်း၊ ပရိသတ်များနှင့်အတူ အမှတ်တရ ဓာတ်ပုံရိုက်ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး အကြိမ်(၄၀)မြောက် နည်းပညာကော်မတီအစည်းအဝေးဖွင့်ပွဲနှင့် မိုးစပါးစိုက်တောင်သူများသို့ သီးနှံပေါ်ပေးစနစ်ဖြင့် ဓာတ်မြေဩဇာသွင်းအားစုပေးအပ်ပွဲ တက်ရောက်

နေပြည်တော် ဩဂုတ် ၂၅

အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ကျေးလက်ဒေသဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန(CIRDAP)၏ အကြိမ်(၄၀)မြောက် CIRDAP နည်းပညာကော်မတီ အစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ THE ERAVATI SULE GRANDဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများ၊ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ကျေးလက်ဒေသဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန (CIRDAP) အတွင်းရေးမှူးချုပ်ရုံးမှ ညွှန်ကြားရေးမှူးချုပ် Mr. Chandra Shekara Putte Gowda ၊ အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ ဖီဂျီ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ အီရန်၊ လာအို၊ မလေးရှား၊ မြန်မာ၊ နီပေါ၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ သီရိလင်္ကာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ နည်းပညာကော်မတီအဖွဲ့ဝင်များ၊ CIRDAP အတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယခုအကြိမ်(၄၀)မြောက် နည်းပညာကော်မတီ အစည်းအဝေးသည် မိမိတို့၏ တိုးတက်မှုများကို ပြန်လည်သုံးသပ်ရန်၊ အတွေ့အကြုံများ မျှဝေရန်နှင့် မိမိတို့နိုင်ငံများ၏အခြေအနေနှင့် လိုက်လျောညီထွေရှိသည့် ဖွံ့ဖြိုးတိုးတက်မှုများကိုမြှင့်တင်၍ ပြန်လည်အသုံးချနိုင်မည့် အခွင့်အလမ်းများ ရရှိစေမည်ဖြစ်ကြောင်း၊ အစည်းအဝေး သုံးရက်တာအတွင်း အကြံဉာဏ်သစ်များနှင့် လက်တွေ့ကျသော ဖြေရှင်းနည်းများကို အဆိုပြုကြရန်နှင့် ပူးပေါင်းဆောင်ရွက်မှု၊ ဆန်းသစ်တီထွင်မှုနှင့် စည်းလုံးညီညွတ်မှုဆီသို့ ဦးတည်သည့် လှေကားထစ်အဖြစ်သတ်မှတ်ပြီး မည်သည့်ကျေးလက်ရပ်ရွာမှ နောက်ကျမကျန်ရစ်စေရေး ကြိုးစားကြစေလိုကြောင်း၊ အာရှနှင့် ပစိဖိတ်ဒေသတွင် ရေရှည်တည်တံ့ပြီး အားလုံးပါဝင်သော ကျေးလက်ဒေသဆိုင်ရာ အသွင်ကူးပြောင်းမှု ဖြစ်ပေါ်လာမည့် အနာဂတ်ဆီသို့ အတူတကွချီတက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ကျေးလက်ဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန (CIRDAP)၏ ညွှန်ကြားရေးမှူးချုပ် Mr. Chandra Shekara Putte Gowda က အစည်းအဝေးကျင်းပရခြင်းနှင့် ပတ်သက်၍ ပြောကြားသည်။

အဆိုပါ အကြိမ်(၄၀)မြောက် CIRDAP နည်းပညာကော်မတီအစည်းအဝေးနှင့် CIRDAP Knowledge Sharing Workshop ကို ဩဂုတ် ၂၅ ရက်မှ ၂၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ဩဂုတ် ၂၇ ရက်တွင် လှည်းကူးမြို့နယ် ရဲမွန်ကျေးရွာနှင့် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသို့ လေ့လာရေးခရီး သွားရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် လှည်းကူးမြို့နယ် ရဲမွန်ကျေးရွာအုပ်စု Good Brother စင်တာ၌ ကျင်းပသည့် မိုးစပါးစိုက်တောင်သူများသို့ သီးနှံပေါ်ပေးစနစ်ဖြင့် ဓာတ်မြေဩဇာသွင်းအားစုပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ တိုင်းဒေသကြီး သံယဇာတရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက လှည်းကူးမြို့နယ်ရှိ ကျေးရွာများမှ မိုးစပါးစိုက်တောင်သူများအား သွင်းအားစု ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်သည်။

သတင်းစဉ်

# ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် ဩဂုတ် ၂၅

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်မှ **"ဘူးသီးတောင်မြို့နယ်အတွင်း ငှက်သေကျေးရွာအုပ်စု ထန်းရှောက်ခံကျေးရွာမှ ဒေသခံဘင်္ဂါလီရွာသား ၆၀၀ ကျော်ကို AA အကြမ်းဖက်သောင်းကျန်းသူများက လူမျိုးတုံးသတ်ဖြတ်ခဲ့မှု"**ခေါင်းစဉ်ဖြင့် ဩဂုတ် ၂၇ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့် တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"နိုင်ငံရဲ့အထင်ကရနဲ့ သမိုင်းဝင်နေရာ ကမ္ဘာကျော် ဂုတ်ထိပ် မီးရထားလမ်းတံတားအား မိုင်းထောင် ဖောက်ခွဲဖျက်ဆီးခဲ့တဲ့ TNLA အကြမ်းဖက်သောင်းကျန်းသူများ"**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ဝ၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်

# လှိုင်ကော်မြို့၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ



လှိုင်ကော် ဩဂုတ် ၂၅

စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ယနေ့မွန်းလွဲပိုင်းတွင် ကယားပြည်နယ် လှိုင်ကော်မြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ပြည်နယ်စာကြည့်တိုက်များ ကြီးကြပ်မှုကော်မတီနာယက ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်တို့ တက်ရောက်ပြီး ပြခန်းများနှင့် ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများကို လှည့်လည်ကြည့်ရှုအားပေးကာ စုပေါင်းခန်းမ၌ လိုအပ်သည်များမှာကြားသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပွဲတော်မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီးက ပွဲတော်မုခ်ဦးကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ ဘင်ခရာ၊ ပန်းဖွားနှင့် အကအဖွဲ့တို့ကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့၊ အနုပညာရှင်များက ကျောင်းအတွင်းဆောင်ရွက်ထားရှိသည့် စာကြည့်တိုက်နှင့် ကာယ/ဉာဏစွမ်းရည်ပြိုင်ပွဲများကို လှည့်လည်ကြည့်ရှုစစ်ဆေးအားပေးကြသည်။

ယင်းနောက် အစီအစဉ် ဒုတိယပိုင်းကို စုပေါင်းခန်းမ၌ ဆက်လက်ကျင်းပရာ အထက(၁)မှ ကျောင်းသား ကျောင်းသူများက ပညာဘဏ်တိုက် စာကြည့်တိုက်သို့သွားကြစို့ တေးသီချင်းဖြင့် သီဆိုကပြ ဖျော်ဖြေကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ကယားပြည်နယ် လှိုင်ကော်မြို့၌ ပိုမိုတည်ငြိမ်အေးချမ်းလာမှုနှင့်အတူ မူလအနေအထားသို့ပြန်လည်ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်နေမှုများကို တွေ့မြင်ရသဖြင့် ကြည်နူးဝမ်းမြောက်ရပါကြောင်း၊ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် စာပေဖတ်ရှုလေ့လာမှုတွင် ဝါသနာပါပြီး အများပြည်သူကိုလည်း စာပေဖတ်ရှုအောင် တိုက်တွန်းမှာကြားမှုနှင့်အတူ စာကောင်းပေမွန်များလည်း မတည်ထုတ်ဝေ၍ ဖြန့်ဝေလှူဒါန်းလျက် ရှိပါကြောင်း၊ လူငယ်များအနေဖြင့် စာပေဖတ်ရှုလေ့လာမှုအပြင် မှတ်သားဆောင်ရွက်ရန်လည်း လိုအပ်ပါကြောင်း၊ ပိုမိုတည်ငြိမ်အေးချမ်းပြီး သာယာလှပသည့် အနာဂတ်ကာလအတွက် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများတွင် ဝိုင်းဝန်း ပါဝင်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က စာဖတ်ရှိန်မြှင့်တင်ရေးအတွက် အခက်အခဲများကြားမှ အောင်မြင်အောင် စီစဉ်ဆောင်ရွက်ခဲ့ပါကြောင်း၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ကြိုးပမ်း ဆောင်ရွက်နေချိန်တွင် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပြည်သူများအတွက် စိတ်ခွန်အားမြှင့်တင်ပေးရန် စီစဉ်ရောက်ရှိလာသော ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် အနုပညာရှင်များအားလုံးကို မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်းနှင့် အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ကယားပြည်နယ် အစိုးရအဖွဲ့အတွက် MRTV DTH စလောင်းစက်အစုံ ၃၀ နှင့် MRTV T-2 Set top Box ၈၀ အား ပြည်နယ်ဝန်ကြီးချုပ်ထံသို့ လည်းကောင်း၊ တပ်နယ်အတွက် MRTV DTH စလောင်းစက် အစုံ ၂၀ နှင့် MRTV T-2 Set top Box ၄၀ အား ဗိုလ်မှူးချုပ် အောင်ကျော်ခိုင်ထံ သို့လည်းကောင်း ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စာအုပ်စာစောင်များ၊ ပြိုင်ပွဲများတွင် ဆုရရှိသူများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ထို့နောက် အနုပညာရှင်များက အထက(၁)မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် စုပေါင်း၍ ရောင်ပေစူး တေးသီချင်းဖြင့်လည်းကောင်း၊ အထက(၁)မှ ကျောင်းသား ကျောင်းသူများက ထာဝရသစ္စာ တေးသီချင်းဖြင့်လည်းကောင်း၊ အထကခွဲ (လောဓမ္မ)မှ ကျောင်းသား ကျောင်းသူများက လှမ်းလာခဲ့ပါ ကယားမြေ တေးသီချင်းဖြင့် လည်းကောင်း၊ အထက(၁)နှင့် (၂)တို့မှ ကျောင်းသား ကျောင်းသူများစုပေါင်း၍ ဇာတိမာန် တေးသီချင်းဖြင့်လည်းကောင်း သီဆိုဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ လှိုင်ကော်တက္ကသိုလ်သို့ရောက်ရှိပြီး ပင်မဆောင်နှင့် စာကြည့်တိုက်၊ စာသင်ဆောင်များနှင့် ဘွဲ့နှင်းသဘင်ခန်းမဆောင်များ ပြန်လည်ပြုပြင်မွမ်းမံဆောက်လုပ် နေမှုများကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ပင်မဆောင် အစည်းအဝေးခန်းမတွင် တာဝန်ရှိသူများက တက္ကသိုလ်၏ ထိခိုက်ပျက်စီးမှုနှင့် ပြန်လည်ပြုပြင်မွမ်းမံဆောက်လုပ်မှု အခြေအနေ၊ တက္ကသိုလ်၌ ဆရာ ဆရာမများ ပြန်လည် တာဝန်ထမ်းဆောင်နိုင်မှု၊ ကျောင်းသား ကျောင်းသူများ တက်ရောက်နိုင်မှုနှင့် အဝေးသင်ကျောင်းသား ကျောင်းသူများ ဆက်သွယ် သင်ယူနိုင်မှုတို့ကို ရှင်းလင်း တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က လိုအပ်သည်များ ပြန်လည် ဆွေးနွေးမှာကြားပြီး ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ညပိုင်းတွင် လှိုင်ကော်မြို့၌ ရောက်ရှိနေသော အနုပညာရှင်များဖြစ်ကြသည့် အကယ်ဒမီ ရန်အောင်၊ အကယ်ဒမီ မေသန်းနု၊ အကယ်ဒမီ စိုးမြတ်သူဇာ၊ ဒိန်းဒေါင်၊ အုန်းသီး၊ ငြိမ်းချမ်း၊ ယဉ်လတ်၊ သဥ္စာမြင့်မိုရ်၊ နေခြည်ငြိမ်းချမ်းနှင့် အနုပညာရှင်များက ဒေသခံ တိုင်းရင်းသားများ၏ အကအလှနှင့် သီဆိုဖျော်ဖြေမှုများနှင့်အတူ အငြိမ့်ကပြမှု အပါအဝင် တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများက တစ်ခဲနက် ပျော်ရွှင်စွာ သီဆိုကခုန်အားပေးကြသည်။

လှိုင်ကော်မြို့၌ ၂၀၂၃ ခုနှစ် ကုန်ပိုင်းခန့်က နယ်မြေလုံခြုံရေးအခြေအနေအရ မြို့ပေါ်ရပ်ကွက်များတွင် လျှပ်စစ်ဓာတ်အား ဖြန့်ဝေမှုရပ်ဆိုင်းခဲ့ရာမှ ၂၀၂၄ ခုနှစ် မေလမှစ၍ အဆက်ဆက်မှ စီစဉ် ဆောင်ရွက်နိုင်မှုကြောင့် ဓာတ်အားလိုင်းများ တိုးမြှင့်ဖြန့်ဝေပေးနိုင်ခဲ့ရာ ယခုအခါ လှိုင်ကော်မြို့ပေါ်ရှိ ရပ်ကွက် ၂၀ နှင့် ဆက်စပ်ကျေးရွာ ၂၃ ရွာတို့တွင် ၂၄ နာရီပတ်လုံး မီးအပြည့်အဝရရှိနေပြီဖြစ်ကြောင်း၊ ဆက်လက်၍လည်း လျှပ်စစ်ဓာတ်အား ပိုမိုတိုးမြှင့်ထုတ်လွှင့်ပြီး မဟာဓာတ်အားလိုင်းသို့ထည့်သွင်းပေးပို့နိုင်ရန် တာဝန်ရှိသူများက ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာပညာသင်ကြား ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တစ်နှစ်နီးပါးပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများအား ၂၀၂၅ ခုနှစ် ဇူလိုင် ၂၅ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား ကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အခြေခံပညာကျောင်း ခုနစ်ကျောင်း ထပ်မံဖွင့်လှစ်နိုင်ခဲ့၍ နောင်ချိုမြို့နယ်အတွင်း စုစုပေါင်း အခြေခံပညာကျောင်း ၉၄ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ပြီး ကျောင်းသား ကျောင်းသူ ၄၁၆ ဦး ထပ်မံ၍ ကျောင်းအပ်နှံသဖြင့် စုစုပေါင်းကျောင်းသား ကျောင်းသူ ၁၀၆၄၅ ဦး အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။



ထို့ပြင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ ၃၁ ဦးတို့ကို ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ဒေသခံတိုင်းရင်းသားပြည်သူ ၅၄ ဦးအား သွေးအမျိုးအစားစစ်ဆေးပေးခြင်း၊ ဒေသခံတိုင်းရင်းသားပြည်သူ လေးဦးအား ငှက်ဖျားပိုးစစ်ဆေးခြင်းများ ဆောင်ရွက်ပေးပြီး အတွင်းလူနာအဖြစ် ဒေသခံတိုင်းရင်းသားပြည်သူ ၂၈ ဦး တက်ရောက်ဆေးကုသမှုခံယူလျက်ရှိရာ ဆေးအဖွဲ့များက လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိ ကမ္ဘာကျော် ဂုတ်ထိပ်မီးရထားလမ်းတံတားအား TNLA အကြမ်းဖက်သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုအပေါ် အဖွဲ့အစည်းအသီးသီးက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားများ ထုတ်ပြန်

**နေပြည်တော် ဩဂုတ် ၂၅**

နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိ ကမ္ဘာကျော် ဂုတ်ထိပ်မီးရထားလမ်းတံတားသည် မြန်မာနိုင်ငံ၏ အမြင့်ဆုံးနှင့် ကမ္ဘာပေါ်တွင် ဒုတိယအမြင့်ဆုံးတံတား၊ ကမ္ဘာ့အကြီးဆုံး မီးရထားသံလမ်းတံတားဖြစ်ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နှင့် ကျောက်မဲမြို့ကို ဆက်သွယ်ထားသည့် မန္တလေး-လားရှိုး ရထားလမ်းပေါ်တွင်တည်ရှိသည်။ အဆိုပါဂုတ်ထိပ်တံတားအား TNLA အကြမ်းဖက်သောင်းကျန်းသူများက ဩဂုတ် ၂၄ ရက် နံနက်ပိုင်းတွင် မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် ကျောက်မဲမြို့ဘက်ခြမ်း တံတားတိုင်အမှတ် (P-16)နှင့် ကမ်းကပ်ခုံ(AB-2) နေရာတို့အကြား ပေ ၆၀ အရှည်ရှိ တံတားသံပေါင် နေရာနှင့် တံတား၏ကမ်းကပ်ခုံ(AB-2)တို့ ပျက်စီးသွားခဲ့ရသည်။

မြန်မာနိုင်ငံ၏ အထင်ကရအမှတ်အသားတစ်ခုဖြစ်ပြီး ကမ္ဘာ့အံ့ဖွယ်စာရင်းတွင်လည်း ပါဝင်ခဲ့သည့် နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိ ကမ္ဘာကျော်ဂုတ်ထိပ် မီးရထားလမ်းတံတားအား ထိန်းသိမ်းစောင့်ရှောက်ရမည့်အစား TNLA အကြမ်းဖက်သောင်းကျန်းသူများက စစ်ရေးနှင့် သက်ဆိုင်ခြင်းမရှိဘဲ ဆင်ခြင်တုံတရားကင်းမဲ့စွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုအပေါ် ပြည်သူလူထုတစ်ရပ်လုံးက လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ကန့်ကွက်ရှုတ်ချလျက်ရှိသည်။

ထို့ပြင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံဇော်ဂေလီခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော်(အောက်မြန်မာပြည်)၊ ယုံကြည်ခြင်းဇော်ဂေလီအသင်းတော်(ပဲခူး)၊ လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)၊ မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)၊ သနန္တဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး၊ ပိန္နဲကုန်းရခိုင်ဂျာမေဗလီ၊ ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး၊ မြန်မာ-ရှီအာဟ်မွတ်စ်လင်စ်ဘာသာရေးအဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံစာရေးဆရာအသင်းနှင့် မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)တို့က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားများ အသီးသီးထုတ်ပြန်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)က သမိုင်းဝင်ဂုတ်ထိပ်တံတားကြီးအား အကြမ်းဖက် TNLA နှင့် PDF ( Terrorist Group) များက မိုင်းခွဲဖျက်ဆီးခြင်းအား ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

**၂၀၂၅ ခုနှစ်၊ ဩဂုတ်လ (၂၅)ရက်**

မြန်မာတစ်နိုင်ငံလုံးက ဂုဏ်ယူရပြီး နှစ်ပေါင်း ၁၂၅ နှစ်ရှိ ကမ္ဘာ့အံ့ဖွယ်စာရင်းများဝင် ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် မြန်မာပြည်အလယ်ပိုင်းကို ဆက်သွယ်ပေးထားသည့် ရှမ်းပြည်နယ် နောင်ချိုမြို့ ဂုတ်ထိပ်တံတားကြီးအား အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့အစည်းများဖြစ်သည့် TNLA နှင့် PDF (Terrorist Group)များက စနစ်တကျကြိုတင်ပြင်ဆင်မိုင်းခွဲဖျက်ဆီးခဲ့ရာ မြန်မာပြည်သူလူထု အသုံးပြုနေသော သမိုင်းဝင်အမွေအနှစ် ဆုံးရှုံးပျက်စီးခဲ့ရသည့်ဖြစ်ရပ်ကို ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာအပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**
**ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို) သဘောထားထုတ်ပြန်ချက်

**၂၀၂၅ ခုနှစ်၊ ဩဂုတ်လ (၂၅) ရက်**

TNLA အကြမ်းဖက်သောင်းကျန်းသူများသည် တပ်မတော်၏ ထိုးစစ်ဆင်မှုကို ဆက်လက်ခုခံနိုင်ခြင်းမရှိဘဲ ကစဉ့်ကလျားဖြင့် ဖရိုဖရဲဆုတ်ခွာထွက်ပြေးစဉ် စစ်ရေးနှင့် မသက်ဆိုင်သော မြန်မာနိုင်ငံ၏ အထင်ကရအမှတ်အသားတစ်ခုဖြစ်သည့် ဂုတ်ထိပ်တံတားအား ဩဂုတ်လ ၂၄ ရက်နေ့တွင် အသိတရားကင်းမဲ့စွာဖြင့် မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည်။

အဆိုပါ ဂုတ်ထိပ်တံတားသည် နှစ်ပေါင်း ၁၂၅ နှစ် သက်တမ်းရှိပြီး မြန်မာပြည်၏ အမြင့်ဆုံးနှင့် ကမ္ဘာပေါ်တွင် ဒုတိယအမြင့်ဆုံးတံတား၊ ကမ္ဘာ့အကြီးဆုံး မီးရထားသံလမ်းတံတားဟု မှတ်ကျောက်တင်ခံရပြီး ထင်ရှားကျော်ကြားသော တံတားတစ်စင်းဖြစ်သည်။ ထိုကဲ့သို့ သမိုင်းဝင်ဂုတ်ထိပ်တံတားကြီးအား TNLA အကြမ်းဖက်သောင်းကျန်းသူများက ဆင်ခြင်တုံတရားကင်းမဲ့စွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် လုပ်ရပ်အား ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)က လုံးဝ လက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)**
**အလုပ်အမှုဆောင်အဖွဲ့**

## မြန်မာနိုင်ငံ ဇော်ဂေလီခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ် သဘောထားထုတ်ပြန်ချက်

**၂၀၂၅ ခုနှစ်၊ ဩဂုတ်လ (၂၅) ရက်**

TNLA လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများသည် ရှမ်းပြည်(မြောက်ပိုင်း)အတွင်း တပ်မတော်နှင့်ဖြစ်ပွားနေသော နောင်ပိန်ရွာတိုက်ပွဲဖြစ်စဉ်၌ ပြည်သူလူထု၏ အကျိုးစီးပွားကို ငဲ့ညှာထောက်ထားခြင်းမရှိဘဲ ကျေးရွာအတွင်းရှိ လူနေအိမ်များကို မီးရှို့ဖျက်ဆီးကာ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။ ထိုသို့ ဆုတ်ခွာထွက်ပြေးစဉ် ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့နံနက်ပိုင်း၌ မြန်မာနိုင်ငံ၏ အထင်ကရအမှတ်အသားနှင့် ကမ္ဘာ့အံ့ဖွယ်စာရင်းဝင် ဂုတ်ထိပ်တံတားအား ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သောကြောင့် ကျောက်မဲမြို့ဘက်အခြမ်း တံတားတိုင်အမှတ်(P-16)နှင့် ကမ်းကပ်ခုံ(AB-2)နေရာတို့အကြား ပေ ၆၀ အရှည်ရှိ တံတားသံပေါင်နေရာနှင့် တံတား၏ ကမ်းကပ်ခုံ(AB-2)တို့ ပျက်စီးခဲ့သည်။

ထိုကဲ့သို့ TNLA လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် စစ်ရေးနှင့်မသက်ဆိုင်သော နိုင်ငံ၏အထင်ကရနှင့်သမိုင်းဝင်နေရာအား အသိဉာဏ်နည်းပါးယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့်လုပ်ရပ်အား မြန်မာနိုင်ငံဇော်ဂေလီခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ်က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံဇော်ဂေလီခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်**

## ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော်(အောက်မြန်မာပြည်) သဘောထားထုတ်ပြန်ချက်

**၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နှင့် ကျောက်မဲမြို့နယ်တို့အား ဆက်သွယ်ထားသည့် မန္တလေး-လားရှိုး ရထားလမ်းပေါ်တွင် တည်ရှိသော ဂုတ်ထိပ်တံတားအား ဩဂုတ်လ ၂၄ ရက်နေ့တွင် အကြမ်းဖက်သောင်းကျန်းသူ TNLA လက်နက်ကိုင်အဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည်ကို စိတ်မကောင်းစွာ ကြားသိခဲ့ရပါသည်။

ယင်းကဲ့သို့ TNLA လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် စစ်ရေးနှင့် မသက်ဆိုင်သည့် နိုင်ငံ၏အထင်ကရနှင့် သမိုင်းဝင်နေရာအား အသိဉာဏ်နည်းပါး ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် လုပ်ရပ်အား နိုင်ငံတစ်ဝန်းရှိ ပြည်သူလူထုတစ်ရပ်လုံးက လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ကန့်ကွက်ရှုတ်ချလျက်ရှိသလို မိမိတို့ ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော်(အောက်မြန်မာပြည်)ကလည်း လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော်**
**(အောက်မြန်မာပြည်)**

## ယုံကြည်ခြင်း ဇော်ဂေလီအသင်းတော်(ပဲခူး)သဘောထားထုတ်ပြန်ချက်

**၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်**

TNLA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့တွင် နောင်ချိုမြို့နှင့် ကျောက်မဲမြို့ကိုဆက်သွယ်ထားသော မြန်မာနိုင်ငံ၏ အထင်ကရအမှတ်အသားနှင့် ကမ္ဘာ့အံ့ဖွယ်စာရင်းဝင် မီးရထားလမ်း ဂုတ်ထိပ်တံတားအား ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည်။ ဂုတ်ထိပ်တံတားသည် တံတားအရှည်(၂၂၆၀)ပေ၊ ပင်လယ်ရေမျက်နှာပြင်မှ အမြင့်ပေ ၁၁၀၀ တွင်ရှိပြီး သက်တမ်းအနေဖြင့် နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိသည့် မီးရထားလမ်းတံတားတစ်ခုဖြစ်သည်။ မြန်မာပြည်၏ အမြင့်ဆုံးနှင့် ကမ္ဘာပေါ်တွင် ဒုတိယအမြင့်ဆုံးတံတား၊ ကမ္ဘာ့အကြီးဆုံးမီးရထားသံလမ်းတံတားဟု မှတ်ကျောက်တင်ခံရပြီး ယင်းတံတားကို တည်ဆောက်သည့် နည်းပညာအဆင့်မြင့်မှုနှင့် သဘာဝပတ်ဝန်းကျင် လှပမှုတို့ကြောင့် ခေတ်အဆက်ဆက် ထင်ရှားကျော်ကြားခဲ့သော တံတားတစ်စင်းဖြစ်သဖြင့် ပြည်တွင်း/ ပြည်ပ ခရီးသွားများ အများအပြား လာရောက်ကြည့်ရှုလေ့လာသည့် တံတားတစ်စင်းလည်းဖြစ်သည်။

ထိုကဲ့သို့ သမိုင်းဝင် ဂုတ်ထိပ်တံတားကြီးအား ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် TNLA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏လုပ်ရပ်ကို ယုံကြည်ခြင်း ဇော်ဂေလီအသင်းတော်(ပဲခူး)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**ယုံကြည်ခြင်း ဇော်ဂေလီအသင်းတော်(ပဲခူး)**

## လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)သဘောထားထုတ်ပြန်ချက်

TNLA လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် မြန်မာနိုင်ငံ၏ အထင်ကရအမှတ်အသားတစ်ခုဖြစ်သည့် ဂုတ်ထိပ်တံတားအား ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သောကြောင့် ကျောက်မဲမြို့ဘက်အခြမ်း တံတားတိုင်အမှတ်(P – 16) နှင့် ကမ်းကပ်ခုံ (AB – 2)နေရာတို့အကြား ပေ ၆၀ အရှည်ရှိ တံတားသံပေါင်နေရာနှင့် တံတား၏ ကမ်းကပ်ခုံ(AB – 2)တို့ ပျက်စီးခဲ့ရပါသည်။ ထို့ကြောင့် မိမိတို့ လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)က ၎င်း အကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

**လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)**
**၂၀၂၅ ခုနှစ်၊ ဩဂုတ် ၂၅ ရက်**

## မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေး ဗဟိုအဖွဲ့ချုပ်၏သဘောထားထုတ်ပြန်ချက်

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်၊ နောင်ချိုမြို့နှင့် ကျောက်မဲမြို့ကို ဆက်သွယ်ထားသည့် အရှည်(၂၆၀)ပေရှိ မြန်မာပြည်၏အမြင့်ဆုံးနှင့် ကမ္ဘာပေါ်တွင် ဒုတိယအမြင့်ဆုံးတံတား၊ ကမ္ဘာ့အကြီးဆုံး မီးရထားသံလမ်းတံတားဖြစ်သည့် ဂုတ်ထိပ်တံတားကို TNLA လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများက ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သောကြောင့် ကျောက်မဲမြို့ဘက်အခြမ်း တံတားတိုင်အမှတ်(P-16)နှင့် ကမ်းကပ်ခုံ(AB-2) နေရာတို့အကြား ပေ ၆၀ အရှည်ရှိတံတားသံပေါင်နေရာနှင့် တံတား၏ကမ်းကပ်ခုံ(AB-2)တို့ ပျက်စီးခဲ့ရသည့်အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်အနေဖြင့် ၎င်းအကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်**

## မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်၊ နောင်ပိန်ကျေးရွာမှ ဆုတ်ခွာထွက်ပြေးသွားသည့် TNLA အကြမ်းဖက်သောင်းကျန်းသူများက စစ်ရေးနှင့်မသက်ဆိုင်သည့် မြန်မာနိုင်ငံ၏ အထင်ကရအမှတ်အသားတစ်ခုဖြစ်သည့် ဂုတ်ထိပ်တံတားအား ဩဂုတ်လ ၂၄ ရက်တွင် အသိတရားကင်းမဲ့စွာဖြင့် မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့်အတွက် ကျောက်မဲမြို့ဘက်အခြမ်း တံတားတိုင်အမှတ်(P – 16) နှင့် ကမ်းကပ်ခုံ (AB – 2)နေရာတို့အကြား ပေ ၆၀ အရှည်ရှိ တံတားသံပေါင်နေရာနှင့် တံတား၏ကမ်းကပ်ခုံ (AB – 2)တို့ ပျက်စီးခဲ့ကြောင်း သိရှိရသည့်အတွက် ဒေသခံပြည်သူများနှင့်အတူ ထပ်တူဝမ်းနည်းရပါသည်။

၂။ ထိုကဲ့သို့ အကြမ်းဖက်လုပ်ရပ်များကျူးလွန်နေသည့် TNLA အကြမ်းဖက်သောင်းကျန်းသူများကို မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)**
၂၅-၈-၂၀၂၅

## သနာတနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်၊ နောင်ပိန်ကျေးရွာကို တပ်မတော်က ပြန်လည်ရရှိချိန် ဆုတ်ခွာထွက်ပြေးသွားသော TNLA အကြမ်းဖက်သောင်းကျန်းသူများက နောင်ချိုမြို့နှင့် ကျောက်မဲမြို့ကို ဆက်သွယ်ထားသည့် နှစ်ပေါင်း ၁၂၅ နှစ် သက်တမ်းရှိ မီးရထားလမ်းတံတားတစ်ခုဖြစ်သည့် ကမ္ဘာကျော် ဂုတ်ထိပ်တံတားကို အသိတရားကင်းမဲ့စွာဖြင့် ဩဂုတ်လ ၂၄ ရက်တွင် မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့်အတွက် ကျောက်မဲမြို့ဘက်အခြမ်း တံတားတိုင်အမှတ်(P – 16) နှင့် ကမ်းကပ်ခုံ (AB – 2) နေရာတို့အကြား ပေ ၆၀ အရှည်ရှိတံတားသံပေါင်နေရာနှင့် တံတား၏ကမ်းကပ်ခုံ(AB – 2)တို့ ပျက်စီးခဲ့ကြောင်း စိတ်မချမ်းမြေ့ဖွယ် သိရှိရသည်။

ထိုကဲ့သို့ TNLA လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ စစ်ရေးနှင့်မသက်ဆိုင်သည့် နိုင်ငံ၏အထင်ကရနှင့် သမိုင်းဝင်နေရာအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် လုပ်ရပ်အား သနာတနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်က ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**သနာတနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်**
**၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်**

## မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေး အဖွဲ့ကြီး၏သဘောထားထုတ်ပြန်ချက်

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့တွင် တပ်မတော်မှ နောင်ပိန်ကျေးရွာကို အပြီးတိုင်ပြန်လည်ထိန်းချုပ်ရရှိချိန်၌ ဆုတ်ခွာထွက်ပြေးသွားသော TNLA လက်နက်ကိုင် အကြမ်းဖက် သောင်းကျန်းသူများက နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိ မြန်မာပြည်၏ အမြင့်ဆုံးနှင့် ကမ္ဘာပေါ်တွင် ဒုတိယအမြင့်ဆုံးတံတား၊ ကမ္ဘာ့အကြီးဆုံးမီးရထားသံလမ်းတံတားဖြစ်သည့် ဂုတ်ထိပ်တံတားကို ၂၄-၈-၂၀၂၅ ရက်တွင် မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သောကြောင့် ကျောက်မဲမြို့ဘက်အခြမ်း တံတားတိုင်အမှတ်(P – 16) နှင့် ကမ်းကပ်ခုံ(AB – 2) နေရာတို့အကြား ပေ ၆၀ အရှည်ရှိ တံတားသံပေါင်နေရာနှင့် တံတား၏ကမ်းကပ်ခုံ(AB – 2)တို့ ပျက်စီးခဲ့ကြောင်း ဝမ်းနည်းဖွယ်သိရှိရပါသည်။

TNLA လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် စစ်ရေးနှင့်မသက်ဆိုင်သည့် နိုင်ငံ၏အထင်ကရနှင့် သမိုင်းဝင်နေရာအား အသိဉာဏ်နည်းပါးယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့်လုပ်ရပ်အား ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး**

## ပိန္နဲကုန်းရခိုင်ဂျာမေဗလီမှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၅ ခုနှစ်၊ ဩဂုတ် ၂၅ ရက်

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်တွင် နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိသည့် ဂုတ်ထိပ်တံတားကို TNLA လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများက ဩဂုတ်လ ၂၄ ရက်တွင် မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သောကြောင့် ကျောက်မဲမြို့ဘက် အခြမ်း တံတားတိုင်အမှတ်(P – 16)နှင့် ကမ်းကပ်ခုံ(AB – 2) နေရာတို့အကြား ပေ ၆၀ အရှည်ရှိ တံတားသံပေါင်နေရာနှင့် တံတား၏ကမ်းကပ်ခုံ(AB – 2)တို့ ပျက်စီးခဲ့ရကြောင်း စိတ်မချမ်းမြေ့ဖွယ်သိရှိခဲ့ရပါသည်။

၂။ ထိုကဲ့သို့ TNLA လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများက ယုတ်မာရိုင်းစိုင်းစွာဖြင့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိမှုအပေါ် မိမိတို့ ပိန္နဲကုန်းရခိုင်ဂျာမေဗလီက လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**ပိန္နဲကုန်းရခိုင်ဂျာမေဗလီ**

## ဘူးသီးတောင်မောင်တောဒေသ ဖွံ့ဖြိုးရေးအသင်း၏သဘောထားထုတ်ပြန်ချက်

(၂၅-၈-၂၀၂၅)

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့နယ်၊ နောင်ချိုမြို့နှင့် ကျောက်မဲမြို့ကိုဆက်သွယ်ထားသည့် မန္တလေး-လားရှိုး ရထားလမ်းမပေါ်တွင် တည်ရှိသည့် တံတားအရှည် ၂၆၀ ပေ၊ ပင်လယ်ရေမျက်နှာပြင်မှ အမြင့်ပေ ၁၁၀၀ တွင်ရှိပြီး သက်တမ်းအနေဖြင့် နှစ်ပေါင်း ၁၂၅ နှစ် သက်တမ်းရှိသော မီးရထားလမ်းတံတားတစ်ခုဖြစ်ကာ မြန်မာပြည်၏ အမြင့်ဆုံးနှင့် ကမ္ဘာပေါ်တွင် ဒုတိယအမြင့်ဆုံးတံတား၊ ကမ္ဘာ့အကြီးဆုံး မီးရထားသံလမ်းတံတားဟု မှတ်ကျောက်တင်ခံရသည့် ဂုတ်ထိပ်မီးရထားလမ်းတံတားအား TNLA အကြမ်းဖက်သောင်းကျန်းသူများက ဩဂုတ် ၂၄ ရက်တွင် မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

၂။ ယခုကဲ့သို့ မြန်မာနိုင်ငံ၏ အထင်ကရအမှတ်အသားတစ်ခုဖြစ်သည့် ဂုတ်ထိပ်တံတားအား မိုင်းထောင်ဖောက်ခွဲခဲ့သည့် TNLA အကြမ်းဖက်သောင်းကျန်းသူများအား မိမိတို့ ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်းမှ လုံးဝလက်မခံကြောင်းနှင့် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို ပြင်းထန်စွာရှုတ်ချကြောင်း သဘောထားထုတ်ပြန်လိုက်သည်။

**ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်း**

## မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

TNLA အကြမ်းဖက်သောင်းကျန်းသူများက ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း ထင်ရှားကျော်ကြားပြီး ပြည်တွင်း/ပြည်ပခရီးသွားပြည်သူများ အများအပြား လာရောက်ကြည့်ရှုလေ့လာကြပြီး မန္တလေး-လားရှိုး ရထားလမ်းပေါ်တွင်တည်ရှိသည့် ဂုတ်ထိပ်တံတားအား ဩဂုတ်လ ၂၄ ရက် နံနက်ပိုင်းတွင် မိုင်းထောင်ဖောက်ခွဲခဲ့ကြောင်း သိရှိရသည်။

ထိုကဲ့သို့ TNLA အကြမ်းဖက်သောင်းကျန်းသူများ၏ အသိတရားကင်းမဲ့စွာ အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိမှုအား မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး (ဗဟို)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)**
(၂၅-၈-၂၀၂၅)

## မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၅ ခုနှစ်၊ ဩဂုတ် ၂၅ ရက်

နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိပြီး နောင်ချိုမြို့နှင့် ကျောက်မဲမြို့ကို ဆက်သွယ်ထားသည့် မန္တလေး-လားရှိုး ရထားလမ်းပေါ်တွင် တည်ရှိသော ကမ္ဘာကျော်ဂုတ်ထိပ်မီးရထားလမ်းတံတားအား ယမန်နေ့နံနက်ပိုင်းက TNLA အကြမ်းဖက်အဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရှိရပါသည်။

ထိုကဲ့သို့မြန်မာ့အမွေအနှစ်ဖြစ်သည့် သမိုင်းဝင်ဂုတ်ထိပ်တံတားကြီးအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် TNLA အကြမ်းဖက်အဖွဲ့၏လုပ်ရပ်အား မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးက လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး**

## မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၏ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်းကြေညာချက်

၂၀၂၅ ခုနှစ်၊ ဩဂုတ် ၂၅ ရက်

မြန်မာနိုင်ငံ၏ အထင်ကရအမှတ်အသားတစ်ခုဖြစ်ပြီး မြန်မာပြည်၏ အမြင့်ဆုံးနှင့် ကမ္ဘာပေါ်တွင် ဒုတိယအမြင့်ဆုံးတံတားဖြစ်သည့် ကမ္ဘာကျော်ဂုတ်ထိပ်တံတားအား TNLA အကြမ်းဖက်အဖွဲ့က ဩဂုတ် ၂၄ ရက် နံနက်ပိုင်းတွင် မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း စိတ်မချမ်းမြေ့ဖွယ်သိရှိရပါသည်။

ထိုကဲ့သို့ TNLA အကြမ်းဖက်အဖွဲ့၏လုပ်ရပ်အား မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)**

# ဂုတ်ထိပ်တံတားအား ဖျက်ဆီးသည့် အကြမ်းဖက်မှုလုပ်ရပ်သည် နိုင်ငံနှင့် ပြည်သူအတွက် ကြီးမားသော ဆုံးရှုံးမှုဖြစ် ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးတို့ကို ခြိမ်းခြောက်သည့် လုပ်ရပ်ဖြစ်သည်ဟု မှတ်ယူ

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
သတင်းထုတ်ပြန်ချက် (၁၀/၂၀၂၅)

၁။ ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နှင့် ကျောက်မဲမြို့တို့ ဆက်သွယ်ထားသည့် မန္တလေး-လားရှိုး ရထားလမ်းပေါ်ရှိ ဂုတ်ထိပ်တံတားကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့တွင် ဖျက်ဆီးခံခဲ့ရကြောင်း သိရှိရပါသည်။ ဂုတ်ထိပ်တံတားသည် နှစ်ပေါင်း ၁၂၅ နှစ် သက်တမ်းရှိသည့် မီးရထားလမ်းတံတားတစ်ခုဖြစ်ပြီး နိုင်ငံတော်အစိုးရနှင့် ဒေသခံပြည်သူများက လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်ခဲ့သော နိုင်ငံ၏အထင်ကရနှင့် သမိုင်းဝင်တံတားဖြစ်ပါသည်။ ဤအဖျက်လုပ်ရပ်သည် အများပြည်သူ သယ်ယူပို့ဆောင်ရေး၊ လုံခြုံရေး၊ ဒေသခံပြည်သူများ၏နေ့စဉ်ဘဝနှင့် စီးပွားရေး ဆောင်ရွက်မှုများအပေါ် ပြင်းထန်စွာ ထိခိုက်စေသည်သာမက မြန်မာနိုင်ငံ၏ သမိုင်းဝင် အမွေအနှစ်တစ်ခုအား ထိခိုက်ပျက်စီးစေခြင်းဖြစ်ပါသည်။

၂။ တံတားကြီးများဥပဒေအရ တံတားကြီးအင်္ဂါရပ်များကို ရည်ရွယ်ချက်ဖြင့် တမင်ဖျက်ဆီးခြင်း၊ ပျက်စီးစေခြင်း၊ တံတားရေရှည်တည်တံ့ခိုင်မြဲမှုကို ထိခိုက်စေမည့် အပြုအမူများမပြုလုပ်ရန် တားမြစ်ထားပါသည်။ ဂုတ်ထိပ်တံတား ဖျက်ဆီးခံရခြင်းသည် အများပြည်သူ သို့မဟုတ် ပုဂ္ဂလိကအတွက် အရေးကြီးသော အခြေခံအဆောက်အအုံကို ထိခိုက်ဆုံးရှုံးစေရန် ပြုလုပ်မှုဖြစ်၍ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၂(ဂ) အရ အကြမ်းဖက်မှုဖြစ်ပါသည်။

၃။ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးကိုခြိမ်းခြောက်သည့် ရာဇဝတ်မှု မြောက်၍ တရားမျှတမှုမရှိသော အကြမ်းဖက် ကျူးလွန်မှုအားလုံးကို ပြတ်ပြတ်သားသား ရှုတ်ချကြောင်း အသိအမှတ် ပြုထားပါသည်။ ဂုတ်ထိပ်တံတားအား ဖျက်ဆီးသည့် အကြမ်းဖက်မှုလုပ်ရပ်သည် နိုင်ငံနှင့် ပြည်သူအတွက် ကြီးမားသော ဆုံးရှုံးမှုဖြစ်ပေါ်စေပြီး ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးတို့ကို ခြိမ်းခြောက်သည့် လုပ်ရပ်ဖြစ်သည်ဟု မှတ်ယူပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်

## မြန်မာရှိအာဟ်မွတ်စ်လင်မ် ဘာသာရေးအဖွဲ့(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့နှင့် ကျောက်မဲမြို့ကို ဆက်သွယ်ထားသည့် မန္တလေး-လားရှိုး ရထားလမ်းပေါ်တွင် တည်ရှိပြီး နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိသော ကမ္ဘာကျော်ဂုတ်ထိပ် မီးရထားလမ်း တံတားကြီးအား အကြမ်းဖက်အဖွဲ့က ဩဂုတ် ၂၄ ရက်နေ့တွင် မိုင်းထောင်ဖောက်ခွဲခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါ သမိုင်းဝင် ဂုတ်ထိပ်တံတားကြီးအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် အကြမ်းဖက်အဖွဲ့၏ လုပ်ရပ်အား **မြန်မာရှိအာဟ်မွတ်စ်လင်မ် ဘာသာရေးအဖွဲ့(ဗဟို)**က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထား ထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာရှိအာဟ်မွတ်စ်လင်မ် ဘာသာရေးအဖွဲ့(ဗဟို)

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ထုတ်ပြန်ချက်

၂၀၂၅ ခုနှစ်၊ ဩဂုတ် ၂၅ ရက်

(၁) မြန်မာနိုင်ငံ၏ အမြင့်ဆုံးနှင့် ကမ္ဘာပေါ်တွင် ဒုတိယအမြင့်ဆုံး တံတားဖြစ်ပြီး နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိကာ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ နောင်ချိုမြို့နှင့် ကျောက်မဲမြို့ကို ဆက်သွယ်ထားသော ကမ္ဘာကျော်ဂုတ်ထိပ်တံတားအား ၂၄-၈-၂၀၂၅ ရက်နေ့ နံနက်ပိုင်းတွင် TNLA အကြမ်းဖက်သောင်းကျန်းသူများက ဆင်ခြင်တုံတရားကင်းမဲ့စွာဖြင့် မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရှိရပါသည်။

(၂) ထိုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သည့် ကမ္ဘာ့အမွေအနှစ်စာရင်းများဝင် ဂုတ်ထိပ်တံတားကြီးအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် TNLA အကြမ်းဖက်သောင်းကျန်းသူများကို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ချက်ကို ထုတ်ပြန်လိုက်သည်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ

## မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်

မြန်မာနိုင်ငံ၏ အထင်ကရအမှတ်အသားတစ်ခုဖြစ်ပြီး ကမ္ဘာ့အမွေအနှစ်စာရင်းတွင်လည်း ပါဝင်ခဲ့သည့် နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိ ကမ္ဘာကျော်ဂုတ်ထိပ် မီးရထားလမ်းတံတားကြီးအား ဩဂုတ်လ ၂၄ ရက်နေ့ နံနက်ပိုင်းက TNLA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း ခံလိုက်ရကြောင်း စိတ်မချမ်းမြေ့ဖွယ် သိရှိရပါသည်။

ယခုကဲ့သို့ သမိုင်းဝင် ကမ္ဘာကျော်ဂုတ်ထိပ်တံတားကြီးအား မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့သည့် TNLA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏လုပ်ရပ်အား မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်

## မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ကန့်ကွက်ရှုတ်ချခြင်း

ကြေညာချက်အမှတ် - ၂၇ / ၂၀၂၅
၂၀၂၅ ခုနှစ်၊ ဩဂုတ်လ(၂၅)ရက်

မြန်မာနိုင်ငံ၏ အထင်ကရအမှတ်အသားနှင့် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် နှစ်ပေါင်း(၁၂၅)နှစ် သက်တမ်းရှိ ကမ္ဘာကျော် "ဂုတ်ထိပ်တံတား"ကို TNLA အကြမ်းဖက်သမားများက ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ (၂၄)ရက်နေ့တွင် ဖုံးခွဲဖျက်ဆီးခဲ့ကြောင်း သိရှိရသဖြင့် များစွာနှမြောတသ ဖြစ်ရပါသည်။

တန်ဖိုးထားရမည့် ရှေးဟောင်းအဆောက်အဦ "ဂုတ်ထိပ်တံတား"ကြီးကို ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားကို ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

## မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ကြေညာချက်

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်

ယခုလ ၂၄ ရက် နံနက်ပိုင်းက ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် မြန်မာပြည်အလယ်ပိုင်းကို ဆက်သွယ်ထားသည့် နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိ ကမ္ဘာကျော် ဂုတ်ထိပ်တံတားအား မိုင်းခွဲဖျက်ဆီးခဲ့သည့် TNLA အကြမ်းဖက်အဖွဲ့၏ လုပ်ရပ်အား မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)

## မြန်မာနိုင်ငံစာရေးဆရာအသင်း၏ သဘောထားထုတ်ပြန်ချက်

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နှင့် ကျောက်မဲမြို့အကြားရှိ နှစ်ပေါင်း ၁၂၅ နှစ် သက်တမ်းရှိသော ကမ္ဘာကျော် ဂုတ်ထိပ်တံတားကြီးအား ဩဂုတ်လ ၂၄ ရက်နေ့တွင် အကြမ်းဖက်သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးလိုက်သဖြင့် အဆိုပါတံတားကြီးမှာ ပျက်စီးသွားခဲ့ရပါသည်။

၂။ အဆိုပါ ကမ္ဘာကျော် ဂုတ်ထိပ်တံတားကြီးအား မိုင်းထောင်ဖောက်ခွဲသည့် လုပ်ရပ်နှင့်ပတ်သက်၍ စစ်ရေးနှင့်မသက်ဆိုင်ဘဲ နိုင်ငံအတွင်း တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ကူးလူးဆက်ဆံသွားလာနိုင်ရန် တည်ဆောက်ခဲ့သည့် တံတားကြီးအား ဖျက်ဆီးခြင်းသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှုပျက်ပြားစေမည့် ကိစ္စရပ်များကို ရည်ရွယ်ချက်ရှိရှိဖြင့် ပြုမူဆောင်ရွက်ခြင်းဖြစ်သဖြင့် အဆိုပါအကြမ်းဖက်သမားများ၏လုပ်ရပ်ကို မြန်မာနိုင်ငံစာရေးဆရာအသင်းက ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်း

## ကွင်းဆင်းဆေးကုသရေးအဖွဲ့မှ ဆေးကုသခြင်းလုပ်ငန်းများ ဆောင်ရွက်



**ဆင်ပေါင်ဝဲ ဩဂုတ် ၂၅**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့တွင် ကျန်းမာရေးဝန်ကြီးဌာန၊တိုင်းရင်းဆေးပညာဦးစီးဌာန ဆင်ပေါင်ဝဲမြို့နယ် တိုင်းရင်းဆေးကုဌာန ကွင်းဆင်းဆေးကုသရေးအဖွဲ့မှ ဆေးကုသခြင်းကို ဩဂုတ် ၂၄ ရက် နံနက် ၁၀နာရီက ဆင်ပေါင်ဝဲမြို့၊ သာယာမိုးရပ်ကွက်မွှာရုံ အတွင်း၌ ဆေးကုသခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ ဆေးကုသခြင်းကို မြို့နယ်တိုင်းရင်းဆေးကုဌာန မြို့နယ်တိုင်းရင်းဆေးမှူး ဦးငြိမ်းချမ်းစိုးနှင့် ဝန်ထမ်းက အဆိုပါရပ်ကွက်ရှိ ပြည်သူများအား ရောဂါလက္ခဏာများ ကြည့်ရှုစစ်ဆေးခြင်းနှင့်သက်ဆိုင်ရာ ရောဂါများအလိုက် တိုင်းရင်းဆေး သောက်ဆေးများကို အခမဲ့ပေးအပ်ခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

| အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁)အနိုင်၊ အရှုံး (NGB) | | | |
|---|---|---|---|
| အူဒီးနီးစ် | ၁ - ၁ | ဗီရိုနာ | |

| စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂) အနိုင်၊ အရှုံး (NGB) | | | |
|---|---|---|---|
| ဘီလ်ဘာအို | ၁ - ၀ | ဗယ်လက်ကာနို | |

အားကစားမြင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင် မူးယစ်ဆေး။

## တံတားဦးမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးဘေးလုံခြုံရေးအတွက် စက်သုံးဆီဆိုင်များအား ကွင်းဆင်းစစ်ဆေး



**တံတားဦး ဩဂုတ် ၂၅**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးလောင်ကျွမ်းမှုမဖြစ်ပွားစေရေး၊ မီးသတ်ပြုရေး၊ မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးဘေးလုံခြုံရေးတို့အတွက် ယနေ့ နံနက် ၉ နာရီက တံတားဦးမြို့ အောင်သန်းကျော် စက်သုံးဆီဆိုင်အား ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးရာသို့ တံတားဦးမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ် ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေးအတွက် စစ်ဆေးခြင်း၊ အသိပညာပေး ခြင်းလုပ်ငန်းများနှင့် အကြံပြုဆောင်ရွက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(၄၀၉)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တရားမဝင် စက်သုံးဆီများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၂၅**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၉ ရက်တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ်၊ သာယာကုန်းကျေးရွာ၌ ယာဉ်ရှစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၈၅ မျိုး၊ လူသုံးကုန်ပစ္စည်း ၈၁ မျိုး၊ စားသောက်ကုန်ပစ္စည်း ငါးမျိုး




နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Box Truck တစ်စီး၊ Nissan Diesel Truck သုံးစီး၊ Hino Profia Truck တစ်စီး၊ Jing Gong Tractor Head တစ်စီး၊ Cheng Long Tractor Head တစ်စီး၊ Man Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်သုံးတွဲကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၂၂ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မုံရွာမြို့နယ်နှင့် စစ်ကိုင်းမြို့နယ်တို့၌ တရားမဝင် စက်သုံးဆီ၊ ဒီဇယ်ဆီ ၉၉ ပေပါနှင့် ပေပါခွံ ၁၄၅ လုံးကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်နှင့် ကံ့တလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၇ မျိုး၊ လိုင်စင်မဲ့ယာဉ်နှစ်စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ်တစ်စီးကို ပို့ကုန်၊ သွင်းကုန် ဥပဒေအရလည်းကောင်း သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

၀-၀-၀-၀-၀-၀-၀



## တောင်ကြီးမြို့နယ်၌ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**တောင်ကြီး ဩဂုတ် ၂၅**

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၌ ၂၀၂၅ ခုနှစ်၊ ဩဂုတ် ၂၂ ရက်က တရားမဝင်သစ်များ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၂ ရက် မွန်းလွဲ ၃ နာရီခွဲတွင် တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ (၁၂) ရပ်ကွက်နေ ဦးကျော်ဇေယျ (၄၃) နှစ်ဆိုသူ၏ နေအိမ်ခြံဝင်းအတွင်း၌ တရားမဝင်သစ်များ စုဆောင်းထားကြောင်း သတင်းအရ အေးသာယာနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ဦးကျော်ဇေယျဆိုသူ၏ နေအိမ်ခြံဝင်းအတွင်းမှ အင်ကြင်းသစ်ခွဲသား ၈ ဒသမ ၀၆၆၆ တန်၊ အင်သစ်လျှာထိုး ၄ ဒသမ ၈၀၇၈ တန်တို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ကျော်ဇေယျဆိုသူအား အေးသာယာနယ်မြေရဲစခန်းမှ ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## ငါးပစ်ဂိမ်းနှင့် ခြောက်ကောင်ဂျင်လောင်းကစား ပြုလုပ်သူများအား ဖမ်းဆီးအရေးယူ

**မူဆယ် ဩဂုတ် ၂၅**

ရှမ်းပြည်နယ်၊ မူဆယ်မြို့နယ်၌ ဩဂုတ် ၂၃ ရက်က ငါးပစ်ဂိမ်းနှင့် ခြောက်ကောင်ဂျင်လောင်းကစားပြုလုပ်သူများအား ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၃ ရက် နံနက် ၁၁ နာရီခွဲတွင် မူဆယ်မြို့၊ ကောင်းမှုတံ့ရပ်ကွက်၊ အိမ်အမှတ် ဟန/၁၁၈(က)တွင် ငါးပစ်ဂိမ်းလောင်းကစားပြုလုပ်နေကြောင်း သတင်းအရ မူဆယ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ သွားရောက်ရှာဖွေခဲ့ရာ အဆိုပါနေအိမ်အတွင်း၌ မအနော(၁၉)နှစ်ဆိုသူအား ငါးပစ်ဂိမ်းစက် နှစ်လုံး၊ ဂိမ်းအမှတ်ထည့်ရာတွင် အသုံးပြုသည့် TL တံဆိပ်ပါ ကတ်နှစ်ခု၊ လောင်းကြေးငွေများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် မအနောဆိုသူအား မူဆယ် မြို့မရဲစခန်း၌လည်းကောင်း၊ ထို့အတူ မွန်းလွဲ ၁၂ နာရီခွဲတွင် မူဆယ်မြို့၊ ကောင်းမှုတံ့ရပ်ကွက် စည်ပင်ကုန်းလမ်းဘေး၌ ခြောက်ကောင်ဂျင်လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ မူဆယ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ သွားရောက်ရှာဖွေခဲ့ရာ အဆိုပါ ရပ်ကွက်နေသူများဖြစ်သည့် မသန်းသန်းထွေး(၂၀)နှစ်ဆိုသူနှင့် မဖြိုးဖြိုး(၂၂)နှစ်ဆိုသူတို့အား တိရစ္ဆာန်ရုပ်ပုံများပါ အံစာတုံးသုံးလုံးနှင့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် မသန်းသန်းထွေးနှင့် မဖြိုးဖြိုးဆိုသူတို့အား မူဆယ်မြို့မရဲစခန်း၌လည်းကောင်း အသီးသီး အမှုဖွင့် အရေးယူထားကြောင်း သိရသည်။



(ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

၀-၀-၀-၀-၀-၀-၀-၀



## ရန်ကုန်-မန္တလေးအမြန်လမ်းတွင် ယာဉ်မတော်တဆမှု ဖြစ်ပွား

**မန္တလေး ဩဂုတ် ၂၅**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၊ မိုင်တိုင်အမှတ်(၈၀/၅)အနီးတွင် ဩဂုတ် ၂၄ ရက် မွန်းလွဲ ၂ နာရီ ၅ မိနစ်ခန့်က Nissan Wingroad အမျိုးအစား အဖြူရောင်ယာဉ်သည် အရှေ့ဝဲဘက် ဘီးပေါက်၍ အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းရှိ ထန်းပင်အား ဝင်ရောက်တိုက်မိ၍ ယာဉ်မတော်တဆမှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် မြို့ချောင်းအမြန်လမ်း မီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များ၊ မြို့ချောင်းအမြန်လမ်း ရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်ကယ်ဆယ်ကူညီဆောင်ရွက်ခဲ့သည်။

ဖြစ်စဉ်ကြောင့် ယာဉ်ပေါ်ပါ ထိခိုက်ဒဏ်ရာရရှိသူ အမျိုးသားတစ်ဦးနှင့် သေဆုံးသူ အမျိုးသားတစ်ဦးတို့အား သုခဝေစည် လူမှုကူညီရေး အသင်းယာဉ်ဖြင့် မြို့ချောင်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ကူညီပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၄၅)

၀-၀-၀-၀-၀-၀-၀

ဥပဒေဘောင်
အတွင်း
နေထိုင်ခြင်း
ဘေးကင်း
ရန်ကွာ
လွှတ်ချမ်းသာ။

# အီသီယိုးပီးယား ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင် ၂၄ ဦး ဆေးဘက်ဆိုင်ရာ ပုံရိပ်ဖော်နည်းပညာ သင်တန်းတက်ရောက်နေ

**အဒစ်အာဘာဘာ ဩဂုတ် ၂၅**

အီသီယိုးပီးယားနိုင်ငံမှ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင် ၂၄ ဦးသည် တရုတ်နိုင်ငံတွင် ၂၁ ရက်ကြာ ဆေးဘက်ဆိုင်ရာ ပုံရိပ်ဖော်နည်းပညာ သင်တန်းတက်ရောက်နေကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။



သင်တန်းသားများသည် ပေကျင်း၊ ရှန်ဟိုင်းနှင့် ကျန်းစူးပြည်နယ်ရှိ ထိပ်တန်းနှင့် ခရိုင်အဆင့်ဆေးရုံများသို့ သွားရောက်ကာ ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲဒေသများမှ ပုံရိပ်ဖော်နည်းပညာများဆိုင်ရာ အသိပညာများကို အပြန်အလှန်ဖလှယ်ကြမည်ဖြစ်သည်။

အီသီယိုးပီးယားမှ ထိပ်တန်းဆေးရုံခေါင်းဆောင်များ၊ ဆေးဘက်ဆိုင်ရာဆရာဝန်များနှင့် ပုံရိပ်ဖော်နည်းပညာရှင်များ ပါဝင်ကြပြီး တရုတ်နိုင်ငံက ခေတ်မီရေဒီယိုလိုဂျီ နည်းပညာများနှင့် ဆေးဘက်ဆိုင်ရာ နယ်ပယ်များတွင် ဉာဏ်ရည်တု အသုံးပြုမှုများအပေါ် အထင်ကြီးလေးစားမိကြောင်း ၎င်းတို့ကထုတ်ဖော်ပြောကြားသည်။

အီသီယိုးပီးယားတွင် ထိုနည်းပညာများကို လက်ခံကျင့်သုံးပါက အထူးသဖြင့် လေဖြတ်ခြင်းကဲ့သို့သော အခြေအနေများ၏ ကုသမှုတွင် ရောဂါရှာဖွေခြင်းနှင့် ကုသမှုစွမ်းရည်များကိုများစွာ မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း ၎င်းတို့ကဆက် လက်ပြောကြားသည်။

ဩဂုတ်လ ၁၅ ရက်က စတင်ခဲ့သည့် အဆိုပါအစီအစဉ်ကို တရုတ်နိုင်ငံ၏ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ စီစဉ်ခြင်းဖြစ်ပြီး အမျိုးသားကျန်းမာရေးကော်မရှင်၏ နိုင်ငံတကာ ကျန်းမာရေးဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစင်တာမှ ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**Mon**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ




## ဂျပန်နိုင်ငံဖူဂျီတောင်ခြေရင်းရှိ ယာမာနာရှိစီရင်စုဒေသများတွင် နိုင်ငံခြားသားခရီးသွားများကြောင့် ယာဉ်မတော်တဆမှုများ တိုးလာ

**တိုကျို ဩဂုတ် ၂၅**

ဂျပန်နိုင်ငံဖူဂျီတောင်ခြေရင်းရှိ ယာမာနာရှိစီရင်စုဒေသများတွင် နိုင်ငံခြားသားခရီးသွားများ မောင်းနှင်သည့် ငှားရမ်းယာဉ်များကြောင့် ယာဉ်မတော်တဆမှုများ လျင်မြန်စွာ တိုးလာနေကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

၂၀၂၄ ခုနှစ်တွင် ယင်းယာဉ်မတော်တဆမှုမျိုး အကြိမ် ၈၀၀ ခန့်ရှိခဲ့ပြီး ယခင်နှစ်ကထက် နှစ်ဆနီးပါး တိုးလာသည်ကို တွေ့ရသည်။

ယာဉ်မတော်တဆမှုများ တိုးလာခြင်းသည် ခရီးသွားများအတွက် သီးသန့်နေရာအဖြစ် သတ်မှတ်မထားသည့် လူနေရပ်ကွက်များနှင့် အခြားနေရာများတွင် နိုင်ငံခြားသား ဧည့်သည်အများအပြားက ဖူဂျီတောင်ကို ဓာတ်ပုံရိုက်ရန် စုရုံးရောက်ရှိလာခြင်းကြောင့်ဖြစ်ပြီး ယင်းခရီးသွားများသည် မရင်းနှီးသောကျဉ်းမြောင်းသည့် လမ်းများပေါ်တွင် မကြာခဏဆိုသလို မောင်းနှင်လာရခြင်းနှင့် တစ်စိတ်တစ်ပိုင်း သက်ဆိုင်သည်ဟု ယူဆရသည်။

ဇူလိုင်လအစောပိုင်းတွင် ယာမာနာရှိစီရင်စုရှိ အိုရှီနိုရွာမှ လူနေရပ်ကွက်များ၌ "ဝ" ဟူသော ဟီရဂန အက္ခရာဖြင့် မှတ်သားထားသည့် လိုင်စင်နံပါတ်ပြားများပါသော ကားများ ပြည့်နှက်နေခဲ့ကြောင်း သိရသည်။

**Mon**



## မြောက်ကာလီဖိုးနီးယားနှင့် အော်ရီဂွန်ပြည်နယ် အလယ်ပိုင်းတို့တွင် တောမီးများကို မီးသတ်သမားများ ကြိုးပမ်းငြိမ်းသတ်နေကြ

**ဝါရှင်တန် ဩဂုတ် ၂၅**

အမေရိကန်ပြည်ထောင်စု မြောက်ကာလီဖိုးနီးယားရှိ ဝါဂွမ်းစိုက်ပျိုးရာဒေသများနှင့် အော်ရီဂွန်ပြည်နယ် အလယ်ပိုင်းတို့တွင် ဩဂုတ်၂၄ရက်က ဖြစ်ပွားခဲ့သည့် တောမီးများကို မီးသတ်သမားများက ခြောက်သွေ့ပူပြင်းသော ရာသီဥတုအောက်တွင် ကြိုးပမ်းငြိမ်းသတ်နေချိန်၌ နေအိမ်ထောင်ပေါင်းများစွာကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန်နှင့် သတိပေးချက်များ ထုတ်ပြန်ထားကြောင်း သိရသည်။

ကာလီဖိုးနီးယားသစ်တောနှင့် မီးဘေးကာကွယ်ရေးဌာန၏ ပြောကြားချက်အရ နာပါခရိုင်တွင် ဧရိယာ ၁၀ စတုရန်းမိုင် (၂၆ စတုရန်းကီလိုမီတာ) အထိ တောက်လောင်ခဲ့သော တောမီးကို ယမန်နေ့က ၁၁ ရာခိုင်နှုန်းသာ ထိန်းချုပ်နိုင်ခဲ့သည်။

ဆန်ဖရန်စစ္စကိုမြို့၏ မြောက်ဘက် မိုင် ၈၀ (၁၂၇ကီလိုမီတာ) အကွာရှိ အက်တနာစပရင်းနှင့် ပုပ်ဗယ်လီအနီး နေအိမ် ၅၀၀ ကို မီးကခြိမ်းခြောက်နေသဖြင့် လူ ၁၉၀ ခန့်ကို နေအိမ်များမှ ထွက်ခွာရန် အမိန့်ထုတ်ပြန်ခဲ့ပြီး နောက်ထပ် ၃၆၀ ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် သတိပေးချက်များ ထုတ်ပြန် ထားသည်။

အော်ရီဂွန်ပြည်နယ်တွင် ဒီရှူနှင့် ဂျက်ဖာဆန်ခရိုင်များရှိ ဖလတ်မီးသည် ၃၄ စတုရန်းမိုင် (၈၈ စတုရန်းကီလိုမီတာ) နီးပါးအထိ ကျယ်ပြန့်လာခဲ့ပြီး နေအိမ်ပေါင်း ၄၀၀၀ ခန့်ကိုအဆင့်အမျိုးမျိုးဖြင့် ရွှေ့ပြောင်းရန် သတိပေးချက်များ ထုတ်ပြန်ထားပြီး နေအိမ် ၁၀၀၀ ကို ချက်ချင်းထွက်ခွာရန် ပြည်နယ်မီးသတ်ဦးစီးဌာန အမိန့်ပေးထားကြောင်း သိရသည်။

**Mon**

## ထိုင်းနိုင်ငံ၏ ဇူလိုင်လကားထုတ်လုပ်မှုပမာဏ သုံးလအတွင်း ပထမဆုံးအကြိမ်အဖြစ် ကျဆင်း

**ဘန်ကောက် ဩဂုတ် ၂၅**

ထိုင်းနိုင်ငံ၏ ကားထုတ်လုပ်မှုသည် သုံးလအတွင်း ပထမဆုံးအကြိမ်အဖြစ် ဇူလိုင်လတွင် ကျဆင်းခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အမေရိကန် အခွန်စည်းကြပ်မှုဆိုင်ရာ မသေချာမှုကြောင့် ပြည်ပပို့ကုန် လိုအပ်ချက်ကို ထိခိုက်စေခဲ့သော်လည်း လျှပ်စစ်ကားများ၏ ရောင်းအားတိုးတက်မှုက ဈေးကွက်ကို အားဖြည့်ပေးခဲ့ကြောင်း ထိုင်းစက်မှုလုပ်ငန်းများ အဖွဲ့ချုပ်က ဆိုသည်။

ဇူလိုင်လ ကားထုတ်လုပ်မှုသည် ယခင်နှစ်ကထက် ၁၁ ဒသမ ၃၉ ရာခိုင်နှုန်း ကျဆင်းပြီး ၁၁၀၆၁၆ စီးသာ ထုတ်လုပ်နိုင်ခဲ့သော်လည်း ဇွန်လတွင်မူ ကားထုတ်လုပ်မှုမှာ ၁၁ ဒသမ ၇၈ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့သည်။

အမေရိကန်၏ အခွန်စည်းကြပ်မှုဆိုင်ရာ မသေချာမှုကြောင့် ဇူလိုင်လက ပြည်ပပို့ကုန် တင်ပို့မှုသည် ယခင်နှစ်ကထက် ၁၃ ဒသမ ၂၇ ရာခိုင်နှုန်း ကျဆင်းသွားခဲ့ကြောင်း ထိုအဖွဲ့ချုပ်၏ ကားထုတ်လုပ်ရေးဌာန ပြောရေးဆိုခွင့်ရှိသူ ဆူရာပေါင်ပိုင်စစ်ပတ္တနာပေါင်က ပြောသည်။

သို့ရာတွင် ဇူလိုင်လအတွင်း ပြည်တွင်းကားရောင်းအားမှာ စတုတ္ထမြောက်လအဖြစ် ဆက်လက်မြင့်တက်ခဲ့ပြီး ယခင်နှစ်ကထက် ၅ ဒသမ ၈၄ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့သည်။ လျှပ်စစ်ကားများ ၃၅ ရာခိုင်နှုန်းအထိ ရောင်းအားတက်ခဲ့သောကြောင့်ဖြစ်ပြီး စီးပွားရေးနှေးကွေးနေချိန်တွင် ပစ်ကပ်ကားရောင်းအားမှာမူ လျော့ကျနေဆဲဖြစ်ကြောင်း သိရသည်။

**Mon**



## စပေ့စ်အိတ်ခ်စ်ကုမ္ပဏီ၏ စတားရှစ်ဒုံးပျံ စမ်းသပ်ပစ်လွှတ်မှု မိနစ် ၃၀ ခန့်အလိုတွင် ချွတ်ယွင်းသဖြင့် ဖျက်သိမ်းခဲ့ရ

**ဝါရှင်တန် ဩဂုတ် ၂၅**

အမေရိကန်လုပ်ငန်းရှင် အီလွန်မတ်စ်ပိုင်ဆိုင်သည့် စပေ့စ်အိတ်ခ်စ်ကုမ္ပဏီသည် စတားရှစ်ဒုံးပျံစမ်းသပ်ပစ်လွှတ်မှုကို ယမန်နေ့က ရွှေ့ဆိုင်းခဲ့ကြောင်း သိရသည်။

ဩဂုတ်၂၄ရက်က တက္ကဆက်ပြည်နယ်၊ ဘိုကာချီကာဒေသရှိ လွှတ်တင်ရေးစခန်းမှ လွှတ်တင်ရန်စီစဉ်ထားသည့် စတားရှစ်ဒုံးပျံသည် လွှတ်တင်ချိန်မတိုင်မီ မိနစ် ၃၀ ခန့်အလိုတွင် ချွတ်ယွင်းခဲ့သဖြင့် လွှတ်တင်မှုကို ဖျက်သိမ်းခဲ့ရခြင်းဖြစ်ကြောင်း စပေ့စ်အိတ်ခ်စ်ကုမ္ပဏီက အတည်ပြုသည်။



ထိုသို့ ချွတ်ယွင်းမှုဖြစ်ခဲ့သဖြင့် မြေပြင်စနစ်များကို ပြန်လည်စစ်ဆေးရန် အချိန်ယူရမည်ဖြစ်ရာ ၁၀ ကြိမ်မြောက် စမ်းသပ်ပျံသန်းမှုကို ဖျက်သိမ်းခဲ့ရခြင်းဖြစ်ကြောင်း ကုမ္ပဏီပြောခွင့်ရသူက ဆိုသည်။

ယင်းစတားရှစ် ဒုံးပျံစမ်းသပ်ပျံသန်းမှု ဖျက်သိမ်းရခြင်းသည် စပေ့စ်အိတ်ခ်စ်ကုမ္ပဏီ၏ စီမံကိန်းများအနက် နောက်ဆုံးပျက်ယွင်းမှုဖြစ်သည်။

ဇန်နဝါရီ၊ မတ်နှင့် မေလက စမ်းသပ်ပျံသန်းခဲ့သော ဒုံးပျံအပေါ်ပိုင်းအဆင့်များလည်း လမ်းတစ်ဝက်၌ ပေါက်ကွဲခဲ့ပြီး ဇွန်လတွင် စမ်းသပ်ခဲ့သော ဒုံးပျံသည်လည်း လွှတ်တင်ရေးစခန်း၌ ပေါက်ကွဲခဲ့ရကြောင်း သိရသည်။

**Mon**

STOP AIDS

# အမရပူရမြို့နယ်၊ မဟာဂန္ဓာရုံကျောင်းတိုက်အတွင်း ဂန္ဓကုဋိဘုရားကျောင်းဆောင်တော်ကြီး အသစ်ပြန်လည်တည်ဆောက်လှူဒါန်းခြင်း ရတနာပန္နက်တော်တင် မင်္ဂလာအခမ်းအနား ကျင်းပ

**မန္တလေး ဩဂုတ် ၂၅**

မန္တလေးလျှင်ကြီးကြောင့် ထိခိုက်ပြိုကျပျက်စီးခဲ့သည့် အမရပူရမြို့နယ်ရှိ မဟာဂန္ဓာရုံ ကျောင်းတိုက်အတွင်း ဂန္ဓကုဋိ ဘုရားကျောင်းဆောင်တော်ကြီး အသစ်ပြန်လည်တည်ဆောက် လှူဒါန်းခြင်း ရတနာပန္နက်တော် တင် မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါ မဟာဂန္ဓာရုံ ကျောင်းတိုက်အတွင်း ကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယ၊ မဟာဂန္ဓာရုံ ကျောင်းတိုက်ကြီး၏ မဟာနာယကချုပ် ဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဣန္ဒောဘာသာဘိဝံသ အမှူးပြုပြီး ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီများ၊ အလှူရှင်မိသားစုများ၊ ဖိတ်ကြားထားသည့် ဧည့်ပရိသတ်များ တက်ရောက်ကြည်ညိုကြပြီး နမောတဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ဆက်လက်၍ မဟာဂန္ဓာရုံ ကျောင်းတိုက်ကြီး၏ မဟာနာယကချုပ် ဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဣန္ဒောဘာသာဘိဝံသ အမှူးပြုပြီး ဆရာတော်၊ သံဃာတော်များက သိမ်နုတ်၊ ကမ္မဝါနှင့် ပရိတ်တော်များ ရွတ်ဖတ်သရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

၎င်းနောက် မြတ်ရတနာ ကျောင်းတိုက်တွင် အခမ်းအနားကို ဆက်လက်ကျင်းပရာ အမရပူရ မဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ မဟာနာယက ဆရာတော် ဘဒ္ဒန္တသီလာစာရထံက ငါးပါးသီလခံယူဆောက်တည်ကြပြီး ပန္နက်တင်မင်္ဂလာ အခမ်းအနား အစီအစဉ်အတိုင်း ဆက်လက် ကျင်းပခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်ဩဝါဒါစရိယ၊ မဟာဂန္ဓာရုံ ကျောင်းတိုက်ကြီး၏ မဟာနာယကချုပ် ဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု ၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဣန္ဒောဘာသာဘိဝံသထံ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးတို့က ရတနာပန္နက်တော်၊ ရွှေလက်ရိုက်တော်၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ၊ မဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ မဟာနာယကဆရာတော်နှင့် ဆရာတော်၊ သံဃာတော်များထံ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများက လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြ၍ ဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်ဒေသနာတော်မြတ်များ၊ ရေစက်ချတရားတော်များ နာယူကြည်ညိုကြပြီးနောက် လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှအတန်းများ ပေးဝေခဲ့ကြသည်။

၎င်းနောက် ရတနာပန္နက်တော်တင်လှူပူဇော်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများ၌ မင်္ဂလာအချိန်တွင် ပန္နက်တော်အား စိုက်ထူတင်လှူပူဇော်ကာ အမွှေးနံ့သာရည်များ ပက်ဖျန်း၍ ဆရာတော်အရှင်သူမြတ်များက ဇယန္တော‌ဗောဓိယာမူလေ အစရှိသော အောင်ဂါထာကို ရွတ်ဆိုချီးမြှင့်ကြပြီးနောက် ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်းနှင့် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းများ ဆက်ကပ်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**









# စစ်ကိုင်းပညာရေးတက္ကသိုလ်တွင် မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ် -၂၀၂၅ တက်ရောက်မည့် လူငယ်များနှင့် တွေ့ဆုံ

**စစ်ကိုင်း ဩဂုတ် ၂၅**

စစ်ကိုင်းပညာရေးတက္ကသိုလ်၌ မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ် -၂၀၂၅ သို့ တက်ရောက်မည့် လူငယ်များနှင့် အကြိုညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါ တက္ကသိုလ်ရှိ အစည်းအဝေးခန်းမတွင် ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာအေးသက်သက်ဝင်း၊ ဒုတိယပါမောက္ခချုပ်များ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးနှင့် လူငယ်အဖွဲ့များ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဆန်းဝင်းက လူငယ်မဟာဗျူဟာဖိုရမ်တွင် ဆွေးနွေးမည့်ခေါင်းစဉ်များအလိုက် ကြိုတင်ပြင်ဆင်နိုင်ရေး၊ ပါမောက္ခချုပ် ဒေါက်တာအေးသက်သက်ဝင်းက ပါဝင်ဆွေးနွေးကြမည့် လူငယ်များအတွက် လိုအပ်သည့်အချက်အလက်များ ဆောင်ရွက်ပေးထားမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ် -၂၀၂၅ တက်ရောက်မည့် လူငယ်များက မိမိတို့ဆွေးနွေးကြမည့် ခေါင်းစဉ်များအလိုက် အသီးသီးဆွေးနွေးတင်ပြကြသည်။ စစ်ကိုင်းတိုင်းဒေသကြီး အနေဖြင့် မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ သို့ ဆွေးနွေးမည့် လူငယ်(၁၄)ဦး၊ ကြီးကြပ်အဖွဲ့ဝင်(၄)ဦး စုစုပေါင်း(၁၈)ဦး တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

**(ယာပုံ)**

**နေလင်းအောင်(ပြန်/ဆက်)**



# မန္တလေးမြို့တော်၌ ပလတ်စတစ်သုံးစွဲမှု လျှော့ချရေး၊ အမှိုက်ခွဲခြားစွန့်ပစ်မှုစနစ် ပညာပေးခြင်းနှင့် သရုပ်ပြခြင်းတို့ကို အပတ်စဉ် ဆောင်ရွက်လျက်ရှိ

**မန္တလေး ဩဂုတ် ၂၅**

မန္တလေးမြို့တော်တွင် ပလတ်စတစ်သုံးစွဲမှု လျှော့ချရေး၊ အမှိုက်ခွဲခြားစွန့်ပစ်မှုစနစ် ပညာပေးခြင်းနှင့် သရုပ်ပြခြင်းအစီအစဉ်ကို အပတ်စဉ် တနင်္လာနေ့တိုင်း မန္တလေး ခြောက်မြို့နယ်ရှိဈေးများ၌ ဆောင်ရွက်လျက်ရှိကြောင်း ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မို့မို့ချစ်က ပြောကြားသည်။



အဆိုပါ ပညာပေးခြင်းနှင့် သရုပ်ပြခြင်း အစီအစဉ်များကို မန္တလေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့် သားသတ်ဌာနနှင့် သန့်ရှင်းရေးဌာနတို့ ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

“ပြည်သူတွေအနေနဲ့ ပလတ်စတစ်သုံးစွဲမှုနဲ့ ပတ်သက်ပြီး ဆိုးကျိုးတွေကို အသိပညာရရှိစေဖို့နဲ့ လူတစ်ဦးတစ်ယောက်ချင်းစီက အသုံးပြုထွက်ရှိလာတဲ့ ပလတ်စတစ်အမှိုက်တွေကို စနစ်တကျ စွန့်ပစ်ကြပြီး နောင်လာမယ့်မျိုးဆက်အတွက် သန့်ရှင်းတဲ့ ပတ်ဝန်းကျင်နဲ့ ကောင်းမွန်တဲ့ ဂေဟစနစ်ရရှိစေဖို့ ရည်ရွယ် ဆောင်ရွက်တာဖြစ်ပါတယ်”ဟု ၎င်းက ပြောသည်။

ပလတ်စတစ်သုံးစွဲခြင်းအားဖြင့်လည်းကောင်း၊ ပလတ်စတစ်များကို စနစ်တကျစွန့်ပစ်ခြင်း မရှိပါကလည်းကောင်း မိမိတို့နေထိုင်ရာ ပတ်ဝန်းကျင်တွင် ရေမြောင်းပိတ်ဆို့ခြင်း၊ ရေထုညစ်ညမ်းစေခြင်းတို့ဖြစ်ပေါ်စေပြီး မီးရှို့ဖျက်ဆီးပါကလည်း ပတ်ဝန်းကျင် လေထုညစ်ညမ်းခြင်းနှင့် မိမိပတ်ဝန်းကျင်တွင် မြေဆီလွှာ ညစ်ညမ်းစေခြင်းတို့ ဖြစ်ပေါ်စေနိုင်သဖြင့် စနစ်တကျ စွန့်ပစ်ကြရန်နှင့် အမှိုက်များကို စနစ်တကျ ခွဲခြားစွန့်ပစ်ကြရန် လိုကြောင်း သိရသည်။

ပလတ်စတစ် သုံးစွဲမှုလျှော့ချရေး၊ စနစ်တကျ စွန့်ပစ်ရေးနှင့် အမှိုက် ခွဲခြားစွန့်ပစ်ရေး သရုပ်ပြလှုပ်ရှားမှုကို မန္တလေး ခြောက်မြို့နယ် အတွင်းရှိ ဈေးများ၌ တနင်္လာနေ့တိုင်း အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ပလတ်စတစ် အစားထိုးအိတ်များ အခမဲ့ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပြီး ကျန်ရက်များတွင် အခြေခံ ကျောင်းများ၊ တက္ကသိုလ်များနှင့် ရပ်ကွက်များသို့ ကွင်းဆင်း ဆောင်ရွက်ကြောင်း သိရသည်။

မြို့တော် စည်ပင်သာယာရေး ကော်မတီ သန့်ရှင်းရေးဌာနစုမှူး ဦးဝင်းထွန်းအောင်က “မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီအနေနဲ့ မြို့တော်သန့်ရှင်းရမယ်၊ သာယာလှပရမယ်၊ မြို့နေ လူထုစိတ်ချမ်းသာရမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီနေ့ ဈေးသုံးခုမှာ ဈေးဝယ်လာတဲ့ ပြည်သူတွေနဲ့ ဈေးဆိုင်ခန်းတွေမှာ ပညာပေး လက်ကမ်းစာစောင်နဲ့ ပလတ်စတစ် အစားထိုးသုံးစွဲတဲ့ အိတ်၅၀၀ ကိုဖြန့်ဝေပေးခဲ့ပါတယ်” ဟု ပြောသည်။

ယခုကဲ့သို့ ပလတ်စတစ် သုံးစွဲမှုလျှော့ချရေး၊ စနစ်တကျစွန့်ပစ်ရေးနှင့် အမှိုက်ခွဲခြားစွန့်ပစ်ရေး တို့ကို မြေပြင်ကွင်းဆင်း၍ ပညာပေးခြင်း၊ ပလတ်စတစ် အစားထိုးအိတ်များ ဖြန့်ဝေခြင်း တို့ကို ဆောင်ရွက်ခြင်းဖြင့် တစ်ဦးတစ်ယောက်ချင်းစီမှ အများပြည်သူလိုက်နာဆောင်ရွက်လာမည်ဖြစ်ကြောင်း သိရသည်။

**မောင်အေးချမ်း**

## လက်တွေ့စမ်းသပ်မဲပေးခြင်း ကျင်းပ

**တန့်ယန်း ဩဂုတ် ၂၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တန့်ယန်းမြို့နယ်တွင် မြန်မာ အီလက်ထရောနစ်မဲပေးစက် (MEVM) အသိပညာပေးခြင်း နှင့် လက်တွေ့စမ်းသပ် မဲပေးခြင်း ကို ယမန်နေ့ နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ လက်တွေ့စမ်းသပ် မဲပေးခြင်းတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဦးစီးအရာရှိ ဦးသစ်ထွန်းက မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)၏ ဖွဲ့စည်းတည်ဆောက်ထားမှု၊ မဲပေးစက်၏ လုံခြုံစိတ်ချရမှုများ နှင့် ကိုင်တွယ်အသုံးပြုနည်းများ ကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော မြို့နယ် အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ က မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) ဖြင့် လက်တွေ့စမ်းသပ်မဲပေးကြရာ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီမှ တာဝန်ရှိသူတို့က ကိုယ်တိုင် မဲပေးကြ၍ ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**



## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၁၃)နှစ်မြောက် အထိမ်းအမှတ် နှစ်ပတ်လည်မဂ္ဂဇင်းအတွက် စာမူများဖိတ်ခေါ်

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ (၁၃)နှစ်မြောက် အထိမ်းအမှတ် နှစ်ပတ်လည်မဂ္ဂဇင်းကို ထုတ်ဝေသွားမည်ဖြစ်ပါ၍ မဂ္ဂဇင်းတွင် မြို့တော်စည်ပင်၏ အများပြည်သူအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့် အခြားသုတရသရရှိစေမည့် ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဘာသာပြန်၊ ဟာသပြဇာတ်၊ အားကစားကဏ္ဍ၊ ဘာသာရေး၊ ကျန်းမာရေး၊ ခံစားမှုစာစု၊ လူငယ်ကဏ္ဍ စသည်ဖြင့် ကဏ္ဍစုံ ထည့်သွင်းဖော်ပြသွားမည်ဖြစ်ပါသောကြောင့် စာမူများအား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန၊ ၂၇လမ်း၊ ၇၁လမ်းနှင့်၇၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်နှင့် မန္တလေးနေ့စဉ်သတင်းစာတိုက်(ကြော်ငြာဌာနစိတ်)၊ ၇၁လမ်းနှင့် ၃၅လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ mdydailynewspaper@gmail.com သို့ (၁၅-၉-၂၀၂၅)ရက် နောက်ဆုံးထား၍ ပေးပို့နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။ စာမူများကို ပေးပို့ရာတွင် ကလောင်အမည်၊ အမည်၊ မှတ်ပုံတင်အမှတ်၊ ဆက်သွယ်ရမည့် ဖုန်းနံပါတ်၊ နေရပ်လိပ်စာ အပြည့်အစုံတို့ကို ထည့်သွင်းဖော်ပြပေးသွားပါရန်နှင့် ကလောင်ခွဲများဖြင့် ရေးသားပေးပို့ခြင်း မပြုကြပါရန် အသိပေးအပ်ပါသည်။

**ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## မြန်မာနိုင်ငံကြက်ခြေနီအသင်း ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဌာန လျှင်ဘေးအန္တရာယ်ခံစားရသော အိမ်ထောင်စုများအား ထောက်ပံ့ငွေပေးအပ်

**တပ်ကုန်း ဩဂုတ် ၂၅**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တပ်ကုန်းမြို့နယ် ဘုရင့်နောင်ရပ်ကွက်တွင် မြန်မာ နိုင်ငံကြက်ခြေနီအသင်း ဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဌာနမှ ငလျင်ဘေးအန္တရာယ်ခံစားရသော အိမ်ထောင်စုများအား ထောက်ပံ့ ငွေပေးအပ်ခြင်းကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါရပ်ကွက်၊ မြို့လယ်သာသနာ့ဝေပုလ္လပရိယတ္တိ စာသင်တိုက် ဓမ္မာရုံတွင် ကျင်းပ ခဲ့သည်။ **(ယာပုံ)**

ထိုထောက်ပံ့ငွေပေးအပ်ရာ တွင် မြန်မာနိုင်ငံကြက်ခြေနီ အသင်း(ရုံးချုပ်)မှ ညွှန်ကြားရေး မှူး ဦးမြင့်ထွန်းဟာန်၊ပြည်ထောင်စု နယ်မြေ၊နေပြည်တော်ကြက်ခြေနီ အသင်းမှ တိုင်းတပ်ဖွဲ့မှူး ဦးစိုးလင်းဦး၊မြို့နယ်ကြက်ခြေနီအသင်း မှ တပ်ဖွဲ့မှူး ဒေါ်အေးအေးဆွေ နှင့် အသင်းဝင်များသည် မတ် ၂၈ ရက်တွင် မန္တလေးမြေငလျင် လှုပ်ခတ်မှုကြောင့် ဘုရင့်နောင် ရပ်ကွက်အတွင်း လူနေအိမ်ပြိုကျ ပျက်စီးခြင်းနှင့် တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့သည့် ငလျင်ဘေးသင့် အိမ်ထောင်စု ၂၅၇ စုတို့အား အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် လေးသိန်း နှုန်းဖြင့် ထောက်ပံ့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း အနည်းငယ်ဈေးတက်

**မန္တလေး ဩဂုတ် ၂၅**

စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းသည် ယခု တစ်ပတ်မှာတစ်ပိဿာလျှင် ငွေ ကျပ် ၆၃၀၀ဖြစ်ကြောင်း စားသုံးသူ ရေးရာဦးစီးဌာနမှ ထုတ်ပြန်ကြေညာထားသည်။

ပြီးခဲ့သည့် တစ်ပတ် ဩဂုတ် ၁၈ရက်မှ ၂၄ရက်ထိ စားအုန်းဆီ ရန်ကုန်အထိုင်ဈေး အခြေခံလက် ကားရည်ညွှန်းဈေးသည် တစ်ပိဿာ လျှင် ငွေကျပ် ၆၂၈၅ ဖြစ်ခဲ့ပြီး ယခုတစ်ပတ် ဩဂုတ် ၂၅ရက်မှ ၃၁ရက်အထိ ရည်ညွှန်းဈေး သည် ငွေကျပ် ၆၃၀၀ ဖြစ် သဖြင့် ၁၅ ကျပ် ဈေးတက်သွား ခြင်း ဖြစ်သည်။

စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ အနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေး နှုန်းဖြစ်ပေါ် ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်၊ ဖြစ်ထိုက် သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေ ရေးထိန်းကျောင်းဆောင်ရွက်လျက် ရှိရာ စားအုန်းဆီအဓိက ထုတ်လုပ် တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ် နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်း ဈေးကွက်၌ ရောင်းဝယ်ဖောက် ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန် ပေးလျက်ရှိပါသည်။

ထို့အပြင် ပြည်တွင်းဈေးကွက် အတွင်း ဈေးနှုန်းမြှင့်တင်ရောင်း ချခြင်း၊ ဈေးကစားရန် ရည်ရွယ် ချက်ဖြင့် သိုလှောင်ခြင်းနှင့်မသမာ သည့် လုပ်ဆောင်မှုများ ပြုလုပ် ပါက အရေးကြီး ကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၅)**

# မန္တလေးနဲ့ငလျင် ( ဌာပနာအမွေအနှစ်များ - ၇ )

"ကျွန်တော်ကြားဖူးသလို ပြောဆိုပါမည်။ ကျောင်းသားအရွယ် ငယ်သူငယ်ချင်း သုံးယောက်ရှိပါသည်။ စုံစုံညီညီ ကတိသစ္စာထားကြပုံက တစ်ယောက်ကောင်းစားလျှင် တစ်ယောက်ကို မ,မည်။ တောအရပ်ကိုမီ တစ်ဦးကတော့ ရဟန်းဘဝနဲ့ ပျော်တော်မူသည်။ အလယ်လူ ထင်လင်းစွာ မင်းဖြစ်တော့သည်။ ကျန်လူတစ်ယောက်မှာ ထူးစွာပေါ်လာသည်။ ပြဒါးနဲ့ ရေသယံ သံကို မထိုးဘဲ ပထမံတန်ခိုးကြောင့် ဘိုးဘိုးအောင်တဘောင်နဲ့ ပေါ်လာသည်။" အဲဒီစာသားလေးတွေက ကျွန်တော်တို့ငယ်ရွယ်စဉ်က လူသိများကျော်ကြားခဲ့တဲ့ ဘိုးဘိုးအောင်သီချင်းထဲက စာသားအချို့ ဖြစ်ပါတယ်။ အခုခေတ်လို မတိုးတက်သေးတော့ စာအုပ်ဖတ်မယ်၊ ရေဒီယို နားထောင်မယ်၊ အဲဒီလောက်ပဲ ရှိသေးတယ်၊ တစ်နှစ်တစ်ခါလောက် ပွဲရာသီ ပွဲကြည့်ကြပေါ့လေ၊ အဲဒီအချိန်မှာ ဒီသီချင်းလေးကို ရေဒီယိုက နားထောင်ခဲ့ရသလို ပွဲတွေမှာလည်း ဇာတ်ထုပ်အဖြစ်ကပြတာ မှတ်မိနေခဲ့ပါတယ်၊ ဟုတ်တာ၊ မဟုတ်တာ အသာထားလို့ သီချင်းဆုံးခါနီးမှာ "ဗုဒ္ဓဘာသာ မြန်မာဟူသမျှ ရန်ဘယာ မြူမခ,ရအောင် စိတ်သာချအတည် ဝိဇ္ဇာ မမည်" ဆိုတော့ ကြိုက်ပြီပေါ့၊ တစ်ချိန်တည်းမှာ ဗိုလ်တာရာ (ရဲဘော် သုံးကျိပ်)ကလည်း ဘိုးဘိုးအောင် ရာဇဝင်နောက်ခံ ဝတ္ထုစာအုပ်ထွက်လာတော့ ပိုပြီးစိတ်ဝင်တစား ဖတ်ခဲ့၊မှတ်ခဲ့ကြတာပေါ့လေ၊ ဒီတော့ အဲဒီပထမံဘိုးဘိုးအောင်ဆိုတာ ဘယ်သူလဲ၊ ဘယ်လို ပုဂ္ဂိုလ်မျိုးလဲ၊ ဘယ်လို အစွမ်းတွေရှိသလဲဆိုတာ နည်းနည်းလောက် တင်ပြပါရစေ။

ဘိုးဘိုးအောင်ရဲ့ နာမည်ရင်းက မောင်အောင်ဖြစ်ပြီး မြန်မာသက္ကရာဇ် ၁၁၀၅ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက် တနင်္ဂနွေနေ့မှာ အဘ မြတ်ညိုစံ အမိ မယ်ငြိမ်းရာတို့က တောင်တွင်းကြီးမြို့၊ လက်ပံရှည်ရွာမှာ မွေးဖွားခဲ့ပါတယ်၊ ငယ်စဉ်ကတည်းက ဘုန်းကြီးကျောင်းသားအဖြစ် စာတော်ပြီး သူတစ်ပါးကို ကူညီလိုစိတ်ရှိသူဖြစ်ပါတယ်၊ တစ်နေ့မှာတော့ ဆရာတော်ကို ကူညီရင်း ကြေးနီနဲ့ပြုလုပ်ထားတဲ့ ရှေးဟောင်းပုရပိုက်တစ်ခုကို ရရှိရာမှ ပုရပိုက်ပါ အညွှန်းအတိုင်း လေ့ကျင့်ရာ ထူးခြားသော အစွမ်းသတ္တိများ အထူးသဖြင့် ရုပ်နာမ်ခွာခြင်း ပထမံအတတ်ကို တဖြည်းဖြည်း တတ်မြောက်ခဲ့တယ်လို့ဆိုပါတယ်၊မောင်အောင်ဟာ သူတတ်မြောက်တဲ့ ပထမံအတတ်ထူးကို အမျိုးမျိုး စမ်းသပ်ကြည့်ခဲ့ပြီး အကြိမ်တိုင်းလည်း အောင်မြင်ခဲ့တယ်လို့ ဆိုပါတယ်၊ ဒါ့ကြောင့် မောင်အောင်ရဲ့ဂုဏ်သတင်းဟာ တဖြည်းဖြည်း ထင်ရှားကျော်ကြားလာခဲ့ပါတယ်၊ နောက်ဆုံးနေပြည်တော်ထိ နာမည်ကြီးလာခဲ့လို့ မနာလိုသူတွေ ချောပစ်ကြတဲ့အခါ ဘုရင်ဖြစ်သူ ဘိုးတော် ဦးဝိုင်းက ဖမ်းဆီးစစ်ဆေးကာ ကွပ်မျက်စေလို့ အမိန့်ပေးခဲ့ပါတယ်၊ သို့သော် မောင်အောင်ကို အမျိုးမျိုး ကွပ်မျက်ပေမယ့် သတ်လို့ မရခဲ့ဘဲ နောက်ဆုံးဘုရင်ကိုယ်တိုင် တောင်းပန်ရတဲ့အထိ ဖြစ်ခဲ့ပါတယ်။ ဒီတော့မှ ဘုရင်ကို မင်းကျင့်တရားနဲ့အညီ အုပ်ချုပ်ရန် ဆိုဆုံးမပြီး ထွက်ခွာ ပျောက်ကွယ်သွားခဲ့ပါတယ်။ သို့သော် လူတွေ ဒုက္ခရောက်ရင် ပေါ်လာပြီး ကူညီကယ်မလေ့ရှိတဲ့အတွက် ပြည်သူအများ အားထားယုံကြည်ကြတယ်လို့ ဆိုပါတယ်။ သာယာဝတီမင်းလက်ထက်မှာ မသင့်တဲ့အကြံကြောင့် ဘိုးတော်ရဲ့ မြစ်တော်သူ စကြာမင်းသား (ခေါ်) ညောင်ရမ်းမင်းသားလေးကို ဧရာဝတီမြစ်မှာ ရေချပြီး ကွပ်မျက်တော့ ဘိုးဘိုးအောင်က လာပြီး ကယ်သွားတယ်လို့ ပြောကြတာ အထင်ရှားဆုံးပါပဲ၊ ဒီအကြောင်းတွေဟာ အထောက်အထား အတိအကျ မဟုတ်ဘဲ အရပ်ပြော ပုံပြင်ဆန်တဲ့အတွက် ယုံကြည်ဖို့တော့ ခက်ခဲပါတယ်။

ကျွန်တော့်ဆောင်းပါးခေါင်းစဉ် မန္တလေးနဲ့ ငလျင်( ဌာပနာအမွေအနှစ်များ)နဲ့ ဘိုးဘိုးအောင် ဘာဆိုင်လို့လဲလို့ဆိုရင် အရင်ကမဆိုင်ပေမယ့် အခုတော့ ဆက်စပ်နေလို့ပါ။ အမရပူရမြို့ဟောင်းမှာ ခေတ်အဆက်ဆက်တည်ထားခဲ့တဲ့ ဘုရားပုထိုးစေတီ ကျောင်းကန်တွေ အလွန်ပဲ ပေါများလှပါတယ်။ ဒါပေမဲ့ အဲဒီဘုရားစေတီအားလုံးရဲ့ သမိုင်းကြောင်းကိုမေးရင် ခိုင်မာတဲ့ အထောက်အထားရှိတဲ့ ဘုရားစေတီ အလွန် နည်းပါးပါတယ်။ မှတ်တမ်းတင်ဖို့အားနည်းတာလား ဒါမှမဟုတ် ပေပုရပိုက်မှာ တင်ထားတဲ့မှတ်တမ်းကို ထိန်းသိမ်းဖို့ အားနည်းလို့ ပျောက်ကွယ် ကုန်တာလား တစ်ခုခုပဲ၊ ဘာပဲဖြစ်ဖြစ် ပေါများလှတဲ့ ဘုရားစေတီကို လက်ညှိုးထိုးပြီး သမိုင်းမေးကြည့်ရင် မသိတာ၊ မရှိတာများတယ်၊ ပြောရင်လည်း မရေမရာ ပုံပြင်ဆန်တာ များပါတယ်၊ ဒီတော့ သုတေသနရှုထောင့်ကနေကြည့်ရင် အားနည်းလှပါတယ်၊ သို့သော်လည်း ဘုရားစေတီကို မပြုပြင်ရသေးဘဲ ကျန်နေသေးတဲ့ မူလလက်ရာလေးများကို အားကိုးပြီး ဘယ်ခေတ်ကာလ ဘယ်မင်းလက်ထက်တည်ခဲ့တာ ဖြစ်နိုင်တယ်ဆိုတဲ့ အချက်လောက်ပဲ ပြောနေခဲ့ရတာပါ။

အခု ၂၀၂၅ခုနှစ် မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့တဲ့ အင်အားပြင်းငလျင်ကြောင့် အမရပူရမြို့ဟောင်းမှာ ဘုရားပုထိုးစေတီကျောင်းကန်အပြင် ရှေးအုတ်တွေနဲ့ တည်ဆောက်ထားခဲ့တဲ့ လူနေတိုက်အိမ်တွေပါ များစွာ ပြိုပျက်ခဲ့ပါတယ်။ ပြိုပျက်ခဲ့တဲ့ ဘုရားစေတီတွေထဲက ပေါ်ထွက်လာတဲ့ ဌာပနာဆင်းတုတော်တွေကို စစ်ဆေးမှတ်တမ်းတင်တော့မှ အရင်က မသိခဲ့တဲ့ အချက်အလက်တွေ သိလာရသလို မတွေ့ဖူးသေးတဲ့ ထူးခြားတဲ့ လက်ရာလေးတွေလည်း တွေ့ရှိလာရလို့ သုတေသနရှုထောင့်က များစွာ အကျိုးရှိခဲ့ပါတယ်။ အခုလည်း အမရပူရမြို့ အိုးတော်ရပ်က မဟာဗောဓိသန်တောင် ဆိုတဲ့ ဘုရားပြိုပျက်ရာက ရှင်းလင်းစဉ် ထွက်ပေါ်လာတဲ့ ဌာပနာတွေထဲက ထူးခြားတဲ့ ရုပ်တုလေးတစ်ခုတွေ့လာရပါတယ်။ အဲဒီပုံစံ ပြုလုပ်ထားတဲ့ ရုပ်တုမျိုး ရှေးဘုရားဌာပနာတွေက တစ်ခါမှမရခဲ့ဘူးပါ။ အဲဒီရုပ်တုလေးကတော့ အတွင်းက ချိတ်နဲ့ မြေခံထားပြီး အပြင်က ငွေပြားခတ် ခေါင်းပွပြုလုပ်ထားတဲ့ ဘိုးတော်ရုပ်လေးပါ။ အရင်က ဘုရားဆင်းတုတော်တွေ၊ ဘုရင်မင်းရုပ်တုတွေနဲ့ ရတနာတွေနဲ့ ငွေပေလွှာတို့ကိုသာ တွေ့ရလေ့ရှိပါတယ်။ ဘိုးတော်ရုပ်တုဆိုတာရော သေချာရဲ့လားဆိုရင် ၁၀၀ရာခိုင်နှုန်း သေချာပါတယ်။ အဲဒီဘိုးတော်ရုပ်တုကို မတ်ရပ်အနေအထား၊ ဦးခေါင်းကို ပဝါဖြူနဲ့ ပေါင်းထား၊ ပဝါဖြူကို ရင်မှာပတ်ပြီး ပခုံးနှစ်ဖက်ကနေ နောက်မှာ ချထား အင်္ကျီလက်ရှည်ဖြူ ပုဆိုးဖြူဝတ်ထားပြီး တောင်ဝှေးရှည်ကို လက်မှာကိုင်ထားတဲ့ အနေအထားတွေဟာ ဘုရားမဟုတ်သလို ဘုရင်မင်းလည်းမဟုတ်ပါဘူး။ တောင်ဝှေးကိုလည်း ထိပ်မှာလက်ကိုင်အကောက်လေးပါတဲ့ သစ်သားလေးနဲ့ တောင်ဝှေးပုံ သေချာစွာ လုပ်ထားပါတယ်။ ဘိုးတော်ရုပ်တုအဖြစ် အားဖြည့်ပေးတဲ့ နောက်တစ်ချက်ကတော့ ရွှေကြေးထားတဲ့ ခတ်လုံးလေးနဲ့ အကြိမ်ပေါင်းများစွာ မီးထိုးခံထားရတဲ့ လုံခွက်လေးကို အတူတွဲလို့ တွေ့ရခြင်းပါပဲ။

အခုကျွန်တော်ပြောနေတာဟာ တွေ့ရတဲ့ ရုပ်တုလေးကို ဘိုးဘိုးအောင်လို့ အတိအကျဆိုနေခြင်း မဟုတ်ပါ။ ဘိုးတော်ရုပ်လို့သာ အခိုင်အမာ တင်ပြနေခြင်း ဖြစ်ပါတယ်။ နည်းနည်းပိုပြီး ပြောနိုင်တာက အခုစေတီတော်ဟာ အမရပူရ မြို့ထောင့်စေတီတွေလို အတွင်းမုခ်လေးဘက်မှာ ဆင်းတုတော်တစ်ဆူစီပါတဲ့ တိုက်ခံပြီး အပေါ်က အထွတ်စေတီပါတဲ့အမျိုးအစားပါ။ တိုက်မထောင့် လေးထောင့်မှာ ကိုယ်နှစ်ခုပါတဲ့ မနုသီဟတွေလည်း ပါဝင်ပါတယ်။ ငလျင်ကြောင့် မပြိုမီအတွင်းက ဆင်းတုတော်တွေရဲ့ သွင်ပြင်လက္ခဏာအနေအထားတွေရယ်၊ စေတီအပြင်က မွမ်းမံထားတဲ့ အင်္ဂတေပန်းတော့ လက်ရာတွေရယ်၊ အခုတွေ့လာရတဲ့ ဌာပနာဆင်းတုတော်လေးတွေရဲ့ လေ့လာတွေ့ရှိချက်တွေရယ်၊ ပေါင်းလိုက်ရင် အမရပူရခေတ်ဆိုတာ အသေအချာ ပြောနိုင်ပါတယ်။ တစ်ခါ အခုတင်ပြနေတဲ့ ဘိုးတော်ရုပ်တုနဲ့ ဌာပနာဆင်းတုတော်လေးတွေကို ဆက်စပ်လေ့လာကြည့်လိုက်တော့ အသုံးပြုထားတဲ့ အပေါ်ယံက ငွေပြားရယ် အတွင်းကခံထားတဲ့ ချိတ်နဲ့မြေရောရယ်က အတူတူပဲ ဆိုတာတွေ့ရတော့ တစ်ခေတ်တည်း တစ်ချိန်တည်း ပြုလုပ်ခဲ့တဲ့ လက်ရာဆိုတာလည်း အခိုင်အမာပြောနိုင်ပါတယ်။

ဒီတော့ ကျွန်တော်တို့ စဉ်းစားစရာတွေ ပေါ်လာပြီ။ ဟုတ်တာ မဟုတ်တာ အသာထားလို့ ဘိုးဘိုးအောင်ရဲ့ဇာတ်လမ်းအရ သူမွေးတာ ညောင်ရမ်းခေတ်၊ ထင်ရှားလာတာ အမရပူရခေတ်၊ အခု ဘိုးတော်ရုပ်တု တွေ့ရတဲ့စေတီတော်ကလည်း တည်ထားခဲ့တာ အမရပူရခေတ်ဆိုပြီး တိုက်ဆိုင်နေတယ်။ ရုပ်တုရဲ့ ပုံသဏ္ဌာန်ကလည်း ဘုရားဆင်းတုတို့၊ နတ်ဗြဟ္မာတို့၊ မင်းရုပ်တို့နဲ့မတူဘဲ ဘိုးတော်ပုံပေါက်နေတယ်။ ရွှေကြေးတာ ဝနေတဲ့ ခတ်လုံးနဲ့ မီးထိုးတာ ဝနေတဲ့ လုံကိုလည်း တွေ့ရတယ်။ ဖြစ်နိုင်ချေရှိတာက အခုဘုရားတည်တဲ့ အမရပူရခေတ်ကာလမှာ ဘိုးဘိုးအောင် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ သံဝိဇ္ဇာတို့၊ ပြဒါးဝိဇ္ဇာတို့ လမ်းစဉ်လို့ဆိုရမယ့် ဖိုထိုးတာ ရှိခဲ့ပေလိမ့်မယ်။ ဒီဘုရားတည်တော့ သူ ဖိုထိုးထားတဲ့ ခတ်လုံးနဲ့လုံရယ် သူယုံကြည်တဲ့ ပထမံဝိဇ္ဇာ ဘိုးဘိုးအောင်ရုပ်တုရယ်ကို ယုံကြည်စွာနဲ့ ထုလုပ်လို့ ထည့်သွင်းဌာပနာခဲ့ဟန်တူပါတယ်။ ဘာကြောင့်လဲဆိုတော့ ဘိုးဘိုးအောင်ဇာတ်လမ်းက အခုမှပေါ်လာတာ မဟုတ်ဘဲ အမရပူရခေတ်ကတည်းက ရှိခဲ့တဲ့ ကျော်ကြားခဲ့တဲ့ ဇာတ်လမ်းလို့ ရှေးလူကြီးသူမများက ဆိုခဲ့ကြလို့ပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ သုတေသနနယ်ပယ်မှာ ဆိုထုံးလေးတစ်ခုရှိပါတယ်။ အဲဒါကတော့ ဒဏ္ဍာရီပုံပြင်ဆိုပြီး အလုံးစုံပစ်ပယ်လို့ မရပါဘူးတဲ့၊ အဲ့ဒီဒဏ္ဍာရီပုံပြင်ထဲမှာ တန်ဖိုးရှိတဲ့အချက်အလက်တွေ ရှိနိုင်ပါတယ်တဲ့၊ အဲဒါတွေကို အတွေ့အကြုံဆိုတဲ့ ဆန်ခါနဲ့ စစ်ချလိုက်ရင် အဖိုးတန်အထောက်အထား တွေရနိုင်ပါတယ်တဲ့၊ အခုလည်း ဘိုးဘိုးအောင်ဇာတ်လမ်းဟာ ဒဏ္ဍာရီပုံပြင် ဖြစ်ခဲ့မယ်ဆိုရင်တောင် အဲ့ဒီဇာတ်လမ်းဟာ အမရပူရခေတ်ကတည်းက ပေါ်ခဲ့တဲ့ဇာတ်လမ်းဖြစ်မယ်။ အဲ့ဒီဇာတ်လမ်းကို ယုံကြည်တဲ့သူတွေရှိခဲ့မယ်ဆိုတာတော့ အသေအချာပါပဲ၊ အဲဒီဇာတ်လမ်း ယုံကြည်တာ မဟုတ်ရင်တောင် အခုခေတ်အထိ ဖိုထိုးနေတဲ့သူအချို့ ရှိနေဆဲပါ။ မကြာသေးမီက လှုပ်ခတ်သွားခဲ့တဲ့ မန္တလေးငလျင်ကြီးဟာ မြေပေါ်မှာရှိတဲ့ ရုပ်ဝတ္ထုတွေဖြစ်တဲ့ ဘုရားပုထိုးစေတီ ကျောင်းကန်အဆောက်အအုံတွေကို ကြောက်ခမန်းလိလိ ဖျက်ဆီးခဲ့တယ်ဆိုတာ လက်တွေ့ပါပဲ၊ အဲ့ဒီပျက်စီးမှုကို ကျွန်တော်တို့တွေက ခံစား နေရုံနဲ့မပြီးဘဲ တတ်နိုင်တဲ့အားနဲ့ ဖြည်းဖြည်းချင်း ပြန်လည်ပြုပြင်ထူထောင်ကြရမှာပါ။ ကျွန်တော်တို့ ရှေးဟောင်းသုတေသနအနေနဲ့လည်း ကျရာတာဝန်ဖြစ်တဲ့ ပျက်စီးမှုစစ်တမ်းကောက်ယူခြင်း၊ ခန့်မှန်းကုန်ကျငွေ တွက်ချက်ခြင်း၊ ပြန်လည်ပြုပြင်ဖို့ ပြည်သူကို ပညာပေးခြင်းများအပြင် ပေါ်ထွက်လာတဲ့ ဌာပနာအမွေအနှစ်များကိုလည်း စစ်ဆေးသုတေသနပြုခြင်းများကို ဆောင်ရွက်နေပါတယ်။ ဒါကြောင့် အခုလို ဆန်းသစ်တဲ့လက်ရာ ရုပ်တုလေးများကို တွေ့ရှိလာတဲ့အခါ သုတေသနရှုထောင့်ကနေ လေ့လာလို့ ဗဟုသုတအဖြစ် တင်ပြလိုက်ရပါကြောင်း။





ရက္ခိတ(ရှေး/သု)

ပတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး




## မိုးရာသီသစ်ပင်စိုက်ပွဲ ကျင်းပ

**တောင်တွင်းကြီး ဩဂုတ် ၂၅**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးကို အထောက်အပံ့ဖြစ်စေရန်၊ ရာသီဥတု အပူဒဏ်ကာကွယ်နိုင်ရန်၊ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု လျော့နည်း ပပျောက်စေရန်၊ ပြည်သူလူထုအတွင်း သစ်တောသစ်ပင်ချစ်ခင်မြတ်နိုးသည့် စိတ်များ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ယမန်နေ့နံနက် ၈နာရီက တောင်တွင်းကြီးမြို့ မင်းကွန်းကျောင်းတိုက်ဝင်းအတွင်း၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ကျင်းပခဲ့သည်။

ရှေးဦးစွာ အမှတ်(၇)စစ်အခြေခံလေ့ကျင့်ရေးတပ်၊ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးကျော်သန်းဆွေက အဖွင့်အမှာစကားပြောကြားပြီး နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးကျော်သန်းဆွေ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇင်ဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ရဲမြင့်၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဆွေ၊ မြို့နယ်သစ်တောဦးစီးဌာန တောအုပ်ကြီး ဦးထွန်းထွန်းဝင်းတို့က တက်ရောက်လာသော ဌာနဆိုင်ရာများထံသို့ စိုက်ပျိုးမည့်ပျိုးပင်များ ပေးအပ်ခဲ့ပြီး မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ တက်ရောက်လာကြသူများက သတ်မှတ်နေရာအသီးသီးတွင် တစ်ပြိုင်နက် စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် တမာပင် ၁၀၀၊ ရေတမာပင် ၁၀၀၊ ယင်းမာပင် ၁၀၀၊ ပိတောက်ပင် ၁၀၀၊ ဖျောက်ဆိတ်ပင် ၁၀၀ စသည့် ပျိုးပင်ပေါင်း ၅၀၀ကို ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း စုပေါင်းစိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

နောင်နောင်(မိသနီးမြေ)

## မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေးတိုင်းဒေသကြီး) Mobile Clinic အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ ကွင်းဆင်းကုသ

**မန္တလေး ဩဂုတ် ၂၅**

မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေးတိုင်းဒေသကြီး)သည် ငလျင်ဘေးသင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရန် အရေးပေါ် ကျန်းမာရေး စောင့်ရှောက်မှုအဖွဲ့ကို ဖွဲ့စည်းပြီး ငလျင်ဘေးသင့် ရပ်ကွက်၊ ကျေးရွာများနှင့် ငလျင်ယာယီ ကယ်ဆယ်ရေးစခန်းများသို့ ကွင်းဆင်း၍ ဆေးကုသပေးလျက်ရှိသည်။

ချမ်းအေးသာစံမြို့နယ်၊ လမ်း ၇၀နှင့် ၃၁ လမ်းထောင့်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေးတိုင်းဒေသကြီး)သို့ ငလျင်ဘေးသင့်ပြည်သူများအား ဆေးကုသနိုင်ရန်ငွေနှင့် ဆေးဝါးများကို လာရောက်လှူဒါန်းလျက်ရှိသည်။

မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေးတိုင်းဒေသကြီး) Mobile Clinic မှ ဒေါက်တာရန်နိုင်မိုး၊ အထွေထွေရောဂါကုဆရာဝန်ကြီး ဒေါက်တာမောင်မောင်သန်းနှင့်အဖွဲ့သည် ဩဂုတ် ၂၄ ရက် နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ လမ်း ၈၀၊ လမ်း ၂၀နှင့် ၂၁ လမ်းကြား၊ ပုလဲငွေရောင်ရပ်ကွက်၊ စက်ရှင်ဝင်းမှ ငလျင်ဘေးသင့်ပြည်သူ အမျိုးသား ၂၃ ဦး၊ အမျိုးသမီး ၁၀၄ဦး၊ ကလေး ၂၄ဦးတို့ကို သွေးပေါင်ချိန်ခြင်း၊ ဆီးချိုသွေးချို စစ်ဆေးခြင်းများ ဆောင်ရွက်ပေး၍ ဆေးကုသပေးခဲ့ကာ ဆေးများ အခမဲ့ပေးဝေခဲ့ကြကြောင်း သိရသည်။



(အပေါ်ပုံ)(၀၄၅)




## မိုးမြေပဲနုတ်ယူ ဆွတ်ခူးချိန် နေ့စားလုပ်သားများ ဝင်ငွေရရှိ

**ကျွန်းလှ ဩဂုတ် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် စိုက်ပျိုးရေးလုပ်ငန်းအဖြစ် သီးနှံမျိုးစုံ စိုက်ပျိုးကြပြီး ယခုနှစ် မိုးရာသီစိုက်ပျိုးသော မိုးမြေပဲများ နုတ်ယူ ဆွတ်ခူးချိန် နေ့စားလုပ်သားများ ဝင်ငွေရရှိနေကြသည်။

"ကျွန်းလှမြို့နယ်မှာ ဒီနှစ် မိုးရာသီစိုက်ပျိုးခဲ့တဲ့ မြေပဲများ နုတ်ယူ ဆွတ်ခူးနေကြပါတယ်။ တောင်သူတွေက သီးနှံများ သိမ်းဆည်းပြီး အမိုးအကာ အောက်ရောက်ရှိရေးအတွက် နေ့စားလုပ်သားများ ငှားရမ်းကြပါတယ်။ ယခုအခါ မြေပဲနုတ်ငှားရင် နံနက်စာကျွေးပြီး နေ့ကုန်တစ်ဦးကို ငွေကျပ် ၂၀၀၀၀၊ မြေပဲဆွတ်ငှားရင် မြေပဲတစ်တင်းကို ငွေကျပ် ၅၀၀၀ ရရှိပြီး တစ်နေ့ကုန်ဆွတ်ရင် သုံးတင်း၊ လေးတင်းရပါတယ်"ဟု နေ့စားလုပ်သားတစ်ဦးက ပြောသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံအဖြစ် မြေပဲ၊ နှမ်းနှင့် နေကြာသီးနှံ စုစုပေါင်း ၇၃၂၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ မိုးမြေပဲနုတ်ပြီးသည့် တောင်သူများ ဆောင်းမြေပဲ (စကပဲ) စိုက်ပျိုးရန် ပြင်ဆင်နေကြကြောင်း သိရသည်။

(ယာပုံ)

(၄၈၀)

၀-၀-၀-၀-၀

၀-၀-၀-၀

## မမေ့ကြပါနဲ့

* မိဘမေတ္တာ များလှပါ၍ ကုဋေကုဋာ ရေတွက်ခြင်းမှာ မရနိုင်ပါ ။
* မြင်းမိုရ်တောင်ကြီး ဘယ်လောက်ကြီးလည်း မိဘမေတ္တာ နှိုင်းယှဉ်ပါက နှမ်းဦးချိုမျှသာ ရှိရပါ၏ ။
* ပင်လယ်သမုဒ္ဒရာ မြစ်ချောင်းများမှာ ရှိနေရေများ ဘယ်လောက်များလည်း မိဘမေတ္တာ နှိုင်းယှဉ်ပါလျှင် ပိန်းကြာရွက်တွင် တင်သည့်ရေပမာ ရှိရပါ၏ ။
* အရွယ်ရောက်ပြီး သမီးသားက ကျေးဇူးကြီးမား မိဘများကို စောင့်ရှောက်ကျွေးမွေး ပြုစုပေးလေ သားသားမီးမီး တာဝန်ကျေ ။
* သုံးပါးရတနာ ရှိခိုးပါသို့ ကျေးဇူးကြီးမား မိဘများကို အမြဲနေ့စဉ် သတိယှဉ်ကာ ရှိခိုးဝန္ဒနာ ပြုကြပါရန် ကဗျာဟန်ဖြင့် တင်ပြရပါ ဆွေသဟာတို့ ။ ။

ဆန်း(မန္တလေး)





## ပင်းတယမြို့နယ် ဓမ္မာရုံကြီး၌ ဆဋ္ဌမအကြိမ်မြောက် အရုဏ်ဆွမ်းလောင်းလှူပွဲ ကျင်းပ

**ပင်းတယ ဩဂုတ် ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့ မြို့နယ်ဓမ္မာရုံကြီး၏ ဆွမ်းလောင်းလှူဌာန၌ ဩဂုတ် ၂၁ ရက် နံနက်ပိုင်းက မြို့ပေါ် ဘုန်းတော်ကြီးကျောင်း ၂၂ ကျောင်းမှ သံဃာတော်အပါး ၃၈၈ ပါးအား အရုဏ်ဆွမ်းတော် လောင်းလှူပူဇော်ပွဲ ကျင်းပခဲ့ သည်။ **(အပေါ်ပုံ)**

သံဃာတော်များအား ဆွမ်းနှင့် ဆွမ်းဟင်းများ လောင်းလှူနိုင်ရန် အသင်းဥက္ကဋ္ဌ ဦးကျော်သူရ၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်ကျော်ကျော်နှင့် အသင်းဝင်များက ဝေယျာဝစ္စဆောင်ရွက်ပေးကြပြီး ဆွမ်းအလှူရှင် ဦးခင်မောင်တင့်+(ဇနီး)ဒေါ်သိန်းမြင့်ရည်တို့အား အမှူးထား၍ (သမီး)ဒေါ်နန်းခင်တင့်၊ (မြေး)မောင်မင်းခန့်ထက်နှင့် မောင်သန့်လင်းထက် မိသားစုနှင့် ဆင်ခေါင်းရပ်ကွက်ရှိ အထက(ကြိုသက်)ကျောင်း ဆရာ၊ဆရာမများ စုပေါင်း၍ ဝက်သားအာလူး၊ ဘူးသီးကြာဆံဟင်းရည်၊ ခရမ်းသီးနှပ်၊ ငါးခြောက်နှင့် ငရုတ်သီးကြော် စသည့် ဟင်းလျာများဖြင့် လောင်းလှူခဲ့ကြကြောင်း သိရသည်။

**(၃၃၈)**

*–*–*–*–*–*–*

## ရာသက်ပန် ဆွမ်းပဒေသာပင် လှူဒါန်း

**မန္တလေး ဩဂုတ် ၂၅**

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်ပိုင်းက ရာသက်ပန် ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ပွဲ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကေသဝ (ဓမ္မာစရိယ၊B.A)က အလှူရှင်မိသားစုအား ကောင်းမှုကုသိုလ်အစုစုတို့အတွက် ရေစက်ချအနုမောဒနာတရားဟောကြားချီးမြှင့်ပြီး (ဖခင်ကြီး) ဦးတင်အောင်၊ (မိခင်ကြီး)ဒေါ်နှင်း၊ (မောင်လေး)ကိုမျိုးအောင် ကွယ်လွန်ခြင်း ၂၃ နှစ်ပြည့်အတွက် ရည်စူးကာ မထွေးထွေး(ခ)မငယ်(မျိုးအောင်ပွဲထိုင်ဇာနှင့် အဆင့်မြင့်ချည်ချောလုံချည်) မန်းမြန်မာပလာဇာ မြေညီထပ်၊ မန္တလေးမြို့က ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီး ငွေကျပ် ၁၆ သိန်း၊ ဖြည့်စွက်လှူဒါန်း ငွေကျပ် တစ်သိန်း၊ စုစုပေါင်း ငွေကျပ် ၁၇ သိန်းကို လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။



အဆိုပါ အလှူရှင်မိသားစုက ကျောင်းအုပ်ဆရာတော်အမှူးပြုသော ကထိကဆရာတော်များ၊ သင်တန်းသား သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်၍ အချိုရည်ဘူးနှင့်တကွ ဆပ်ပြာမှုန့်ထုပ်များကို သံဃာတော်များအား တစ်ပါးချင်းစီ ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

**(ဝဲပုံ)**

**PNT**

*–*–*–*–*–*–*

## မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို) စတုတ္ထအကြိမ် သဘင်သက်ကြီးပူဇော်ပွဲအတွက် မန္တလေးမြို့ရှိ သဘင်အနုပညာရှင်များ ပါဝင်လုပ်အားဒါနပြု၊ ငွေများ လှူဒါန်း

**မန္တလေး ဩဂုတ် ၂၅**

မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၏ စတုတ္ထအကြိမ် သဘင်သက်ကြီးပူဇော်ပွဲအတွက် ဩဂုတ် ၂၂ ရက်က အမရပူရမြို့နယ်၊ ငယ်တိုးကျေးရွာတွင် မန္တလေးမြို့ရှိ သဘင်အနုပညာရှင်များနှင့်အတူ ရွာစားကျော် စိန်ကုလားနှင့် (သား)ဇာနည်ကို မင်္ဂလာဆိုင်း၊ မန္တလေးဂီတ ကွန်ရက်ခေတ်ပေါ်တေးဂီတအဖွဲ့နှင့်အတူ တိုင်းဒေသကြီး သဘင်အစည်းအရုံး၏ စီမံခန့်ခွဲမှုဖြင့် မင်းသားများ၊ မင်းသမီးများ၊ လူရွှင်တော်များ၊ ဆိုင်းဆရာများနှင့် အလွှာပေါင်းစုံမှ အနုပညာရှင်များက ရတနာ့ဂူပွဲတော်လာသူများအား ဖျော်ဖြေ၍ အလှူခံကာ လုပ်အားဒါနပြုကြသည်။



မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)သို့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ် သဘင်အစည်းအရုံးမှတစ်ဆင့် သက်ကြီးသဘင်ပညာရှင်များ ပူဇော်ပွဲအတွက် ဩဂုတ် ၂၃ ရက်က အမရပူရမြို့နယ်နေ ဦးလှမော်+ဒေါ်အေးလွင်(မြန်မာထမင်းဆိုင်) မိသားစုက ငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)ဒုတိယဥက္ကဋ္ဌ ဦးဝင်းနောင်က လက်ခံရယူခဲ့ကြောင်း သိရသည်။

**(ဝဲပုံ) (ဝ၄၅)**

## မိတ္ထီလာမြို့နယ်တွင် လယ်ဂျာစာရေး အခြေခံသင်တန်း(၇/၂၀၂၅) ဒုတိယအကြိမ်မြောက် ဖွင့်ပွဲအခမ်းအနား ကျင်းပ

**မိတ္ထီလာ ဩဂုတ် ၂၅**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ် လျှပ်စစ်မန်နေဂျာရုံးတွင် လယ်ဂျာစာရေးအခြေခံသင်တန်းအမှတ်စဉ်(၇/၂၀၂၅) ဒုတိယအကြိမ်မြောက် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က ကျင်းပခဲ့သည်။

လယ်ဂျာစာရေးအခြေခံသင်တန်းဖွင့်ပွဲအခမ်းအနားတွင် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အထွေထွေမန်နေဂျာ ဒေါ်ကြည်ကြည်လေး(ဘဏ္ဍာ)က လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ မိတ္ထီလာခရိုင်အတွင်းရှိ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ် လျှပ်စစ်မန်နေဂျာရုံးများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော လယ်ဂျာစာရေးဝန်ထမ်းများအား လုပ်ငန်းခွင်အတွင်း ရုံးလုပ်ငန်းများကျွမ်းကျင်မှုရှိစေရန် ရည်ရွယ်၍ လယ်ဂျာစာရေးအခြေခံသင်တန်းအမှတ်စဉ်(၇/၂၀၂၅) (ဒုတိယအကြိမ်မြောက်)ကို ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းကို မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်)မှ အထွေထွေမန်နေဂျာ၊ လက်ထောက်အထွေထွေမန်နေဂျာ(ဘဏ္ဍာ)၊ မိတ္ထီလာခရိုင်လျှပ်စစ်မန်နေဂျာ၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာတို့က ပို့ချသွားမည်ဖြစ်ပြီး ၄င်းသင်တန်းကို မိတ္ထီလာခရိုင်အတွင်းရှိ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ် လျှပ်စစ်မန်နေဂျာရုံးများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော လယ်ဂျာစာရေး ဝန်ထမ်း ၄၈ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)**

**(၄၆၉)**



## ချမ်းမြသာစည်မြို့နယ်ရှိ KBZ Center Mandalay မှ ကြီးမှူး၍ တတိယအကြိမ် စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၂၅**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်ရှိ KBZ Center Mandalay မှ ကြီးမှူး၍ သင့်သွေးဖြင့် အသက်ကယ်ဖို့ ရည်ရွယ်ချက်ဖြင့် တတိယအကြိမ် စုပေါင်းသွေးလှူဒါန်းပွဲကို ဩဂုတ် ၂၃ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ချမ်းမြသာစည်မြို့နယ်၊ ၇၃ လမ်းရှိ KBZ Center Mandalay ဆေးခန်းတွင် ကျင်းပခဲ့သည်။




စုပေါင်းသွေးလှူဒါန်းပွဲတွင် လူမှုရေးအသင်းအဖွဲ့များမှ စေတနာသွေးလှူရှင်များ၊ ကမ္ဘောဇဘဏ်များမှဝန်ထမ်းများ၊ မိတ်ဖက်အဖွဲ့အစည်းများမှ သွေးလှူရှင်များ၊ ရပ်ကွက်ပြည်သူများက သွေးများ လာရောက်လှူဒါန်းကြရာ မန္တလေးပြည်သူ့ဆေးရုံကြီး၊ အမျိုးသားသွေးလှူဘဏ်ခွဲမှ ဆရာဝန်နှင့် သူနာပြုများ သွေးလှူဘဏ်ဝန်ထမ်းများက သွေးပေါင်ချိန်ခြင်း၊ သွေးအမျိုးအစားခွဲခြားခြင်းနှင့် သွေးဖောက်ယူခြင်းများ ဆောင်ရွက်ပေးပြီး စေတနာသွေးလှူရှင်များအား KBZ Center Mandalay မှ အာဟာရဖြည့်စွက်စာများ ကျွေးမွေးခဲ့သည်။

စုပေါင်းသွေးလှူဒါန်းပွဲတွင် လက်ခံရရှိသော သွေးအိတ် ၁၀၀ ကျော်အား မန္တလေးပြည်သူ့ဆေးရုံကြီး၊ အမျိုးသားသွေးလှူဘဏ်ခွဲ တာဝန်ခံဆရာဝန်ကြီးထံ KBZ Center Mandalay မှ တာဝန်ရှိသူများက စနစ်တကျ လွှဲပြောင်းပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**မောင်ပြည်သူ(မန္တလေး)**

# အညာတမာ-၁၀၀ ရသစာ

မှတ်မှတ်ရရ ၂၀၂၄ နှစ်ဦးအစ၊ မန္တလေးနေ့စဉ် သတင်းစာတိုက်သို့ စာမူပို့ရင်း သူငယ်ချင်း ရရ ရောက်လာ၏။ ထုံးစံအတိုင်း အားပါးတရ အသံပြဲကြီးဖြင့် နှုတ်ဆက်၏။ အားပါးတရ ရယ်မော၏။ ကျောင်းသားဘဝကတည်းက အကျင့်အတိုင်း နည်းနည်းမှမပြင်၊ ယခုလည်း ကျူရှင်ဆရာလုပ်ရင်း၊ စာပေရေးသားရင်း၊ အားလျှင် သူငယ်ချင်းများထံလာ၍ စကားစမြည်ပြောရင်း၊ လက်ဖက်ရည်သောက်ရင်း ဘဝအမောကို ဖြေလျှော့ရှိသူဖြစ်သည်။ လုပ်လက်စအလုပ်ကို ခဏရပ်၍ ရရနှင့် လက်ဖက်ရည်ဆိုင်ဘက်သို့ ထွက်ခဲ့သည်။ ဂျူတီထွက်၍ အိမ်တွင် နားနေသော အယ်ဒီတာ ကိုအောင်မြင့်(သွယ်အောင်၊ စွာစော်ကဲ)ထံသို့ ဖုန်းဆက်၍ လက်ဖက်ရည်ဆိုင်သို့ ချိန်းလိုက်သည်။ ထိုင်နေကျဆိုင်တွင် ရရ၊ သွယ်အောင်၊ နိုင်ဗလတို့ ထိုင်၍ လေမုန်တိုင်း တိုက်ကြသည်။ ငယ်ကျိုးငယ်နာဖော်၍ တစ်ဦးနှင့်တစ်ဦး နှိပ်ကွပ်အနိုင်ယူကြသည်။ ချေပစကားနှာ ထိုးကြသည်။ အူတက်အောင် ရယ်ကြသည်။ သုံးယောက်ဝိုင်း၏ ငြင်းခုံရယ်မောသံက တစ်ဆိုင်လုံးကို လွှမ်းမိုးသွားသည်။

လက်ဖက်ရည်သောက်ရင်း စာအကြောင်း၊ ပေအကြောင်း ပြောသည်။ တက္ကသိုလ်တက်စဉ်က သတိရ အောက်မေ့ဖွယ်များ ပြောဖြစ်ကြသည်။ တက္ကသိုလ်၏ သမိုင်းကို ဆွေးနွေးဖြစ်သည်။ မန္တလေးတက္ကသိုလ် ပင်မဆောင်မှ ကမ္ဗည်းအရ လာမည့် ၂၀၂၅ တွင် မန္တလေးတက္ကသိုလ်ကြီး နှစ်(၁၀၀)ပြည့်တော့မည့်အကြောင်း ဆွေးနွေးကြသည်။ ရရက အကြံပြုသည်။ မန္တလေးတက္ကသိုလ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပွဲ ကျင်းပသင့်သည်။ အနည်းဆုံး စာအုပ်ထုတ်သင့်ကြောင်း၊ တို့များအားလုံး ပါဝင်ရေးသားသင့်ကြကြောင်း ဆက်လက်ဆွေးနွေးသည်။ မန္တလေးနေ့စဉ် သတင်းစာတိုက်မှ အနားယူသွားပြီဖြစ်သည့် အယ်ဒီတာ နိုင်စေရနှင့်လည်း တိုင်ပင်ဆွေးနွေးကြရန် ဖုန်းဆက်ဖြစ်သည်။ မန္တလေးတက္ကသိုလ် နှစ်(၁၀၀)ပြည့်ပွဲကြီးကို စကားဖြင့် ပုံဖော်၊ လိုရာပုံသွင်းရင်း စိတ်ကူးဖြင့် သူငယ်ချင်းလေးယောက် ပျော်ရွှင်တက်ကြွခဲ့ကြသည်။ ဤသို့ဖြင့် နီးစပ်ရာ သူငယ်ချင်းများကို အသိပေး စုစည်း စည်းရုံးခဲ့ကြသည်။ မန္တလေးတက္ကသိုလ်ထဲမှ နောင်တော်ပါမောက္ခများ၊ သူငယ်ချင်းပါမောက္ခများ၊ ညီငယ်ပါမောက္ခများကို စည်းရုံးခဲ့ကြသည်။ ဦးဆောင်လုပ်ကိုင် တင်ပြနိုင်မည့်သူကို ရှာဖွေကြသည်။ ခေတ်ကာလ အနေအထားအရ မတင်မကျဖြင့်သာ လှည့်ပြန်ခဲ့ကြရသည်။ သူငယ်ချင်းတစ်စု မကြာမကြာ ဆုံကြသည်။ ဆုံတိုင်း ထိုအကြောင်းပြောဖြစ်သည်။ တစ်သက်မှာ တစ်ခါသာကြုံရမည့် နှစ်(၁၀၀) ပြည့်ပွဲမို့ မသိကျိုးကျွံ မနေနိုင်၊ တက္ကသိုလ် အမှတ်တရ စာ၊ ကဗျာများ ရေးပြီး စာအုပ်စုထုတ်ကြရန် ဆုံးဖြတ်ဖြစ်ခဲ့ကြသည်။ နှစ်(၁၀၀) ပြည့် အခမ်းအနား လုပ်လုပ်၊ မလုပ်လုပ်၊ အမှတ်တရစာစောင် ထုတ်ထုတ်၊ မထုတ်ထုတ်၊ ကိုယ့်အလုပ် ကိုယ်လုပ်သည့်အနေဖြင့် တက္ကသိုလ် ကျောင်းသားဘဝ အမှတ်တရ စာ၊ ကဗျာ စာအုပ် သူငယ်ချင်းတွေ စုထုတ်ကြဖို့ သန္နိဋ္ဌာန် ချခဲ့ကြသည်။ အညာတမာ-၁၀၀ ရသစာစု စာအုပ်ကလေး စတင်သန္ဓေတည်ခဲ့ချေပြီ . . . ။


နီးစပ်ရာ သူငယ်ချင်းများစု၍ အပတ်စဉ် ဆွေးနွေးတိုင်ပင်ကြသည်။ ပါဝင်ဆွေးနွေးကြသည့် သူငယ်ချင်းများဦးရေ တဖြည်းဖြည်း တိုးလာသည်။ ကုန်ကျစရိတ်အတွက်လည်း အချိုးကျ (တတ်နိုင်သူ) ထည့်ဝင်ရန်လည်း ကြိုတင်ညှိနှိုင်းကြသည်။ ကျောင်းသားဟောင်း ကိုသန်းမြင့်အောင်(ရူပဗေဒ)က စာအုပ်အတွက် ကုန်ကျစရိတ် လိုငွေကို စိုက်ထုတ်လှူဒါန်းပေးမည်ဟု ကတိပြုခဲ့သည်။ ကိုသန်းမြင့်အောင်၏ တွန်းအားပေးမှုကြောင့်လည်း အညာတမာ-၁၀၀ ရသစာစုအတွက် ပို၍ ကြိုးစားအားထုတ်နိုင်ခဲ့ခြင်းဟု ဆိုရမည်ဖြစ်ပေသည်။ မန္တလေးတက္ကသိုလ် ကျောင်းသားဟောင်း မောင်မောင်လှတင့်(မန်းတက္ကသိုလ်)ကလည်း အပတ်စဉ် အစည်းအဝေးတိုင်းတက်၍ လိုအပ်သမျှ ကူညီမည်ဟု ကတိပြုပေးသည်။ မချိုချိုအောင်(ရူပဗေဒ)၊ ကဘော်မြေမောင်မောင်၊ ခင်အောင်ဝင့်၊ ငယ်ဦး(စည်ပင်)၊ ဆောင်းချမ်းမြ (မန်းတက္ကသိုလ်)၊ ဆဏ်းဝင်းအောင်၊ ဖွန်မိုး၊ ညီတင့်၊ သမကောလိပ် ဒုကျောင်းအုပ် ဦးတင်မြင့်(မန္တလေး)၊ နိုင်စေရ(မန်းတက္ကသိုလ်)၊ နိုင်ဗလ၊ မောင်စိုးသစ် (မန္တလေး)၊ မောင်ထွေးအောင်(ချောက်)၊ မောင်သမုဒယ(မန်းတက္ကသိုလ်)၊ မျှခြေ(ရူပ)၊ မျိုးညွန့်ချစ်ထူး၊ ယုမွန်၊ သွယ်အောင်၊ အနှစ်(နဘူးအိုင်)၊ အောင်ကျော်မိုး(စလင်း)၊ ဥုး(မန္တလေး)တို့၏ စာမူများ စုစည်းမိကြသည်။

ပုံနှိပ်စက်တင်ရန် ကြိုးစားနေဆဲ မန္တလေး ငလျင်ကြီးက လှုပ်သည်။ အပတ်စဉ် ညှိနှိုင်းစည်းဝေးပွဲလည်း ခေတ္တနားခဲ့သည်။ ငလျင်ကြီးက ပေးသည့် စိတ်ဒဏ်ရာ၊ ရုပ်ဒဏ်ရာများ ကုစားရင်း သူငယ်ချင်းများနှင့် ပြန်လည်ဆုံတွေ့ကြရန် ကြိုးစားကြရသည်။ မိခင်ကျောင်းတော်ကြီးမှာလည်း ဒဏ်ရာဒဏ်ချက်များက မြင်၍မကောင်း၊ ကျောင်းတော်ကြီးကို ကြည့်၊ ရင်ထဲတွင် နင့်နေအောင် ခံစားဝမ်းနည်းရသည်။ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် ကျောင်းတော်ကြီး၏ ဒဏ်ရာ ဒဏ်ချက်များကို ရာပြည့်သဘင်မတိုင်မီ ပြီးစီးအောင် ကုစားပြင်ဆင်ပြီး ရာပြည့်သဘင်ကြီးကို ခမ်းခမ်းနားနား သိုက်သိုက်ဝန်းဝန်းဖြစ်အောင် အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိသည်။ ရာပြည့်သဘင် ဆင်ယင်ကျင်းပရေးကော်မတီများဖွဲ့၍ သွက်လက်တက်ကြွစွာ လှုပ်ရှားလာကြပြီ။ အညာတမာ-၁၀၀ ရသစာစုများ စာအုပ်အတွက် အဆုံးသတ် ပြင်ဆင်ဖြစ်ကြသည်။

ကျွန်တော်တို့အတွက် အတတ်ပညာ လက်ဆောင်၊ ဉာဏ်ပညာလက်ဆောင်၊ သင်ကြားသင်ယူမှု စနစ်လက်ဆောင်၊ ဘဝနေထိုင်ခြင်းလက်ဆောင်၊ အပေါင်းအသင်းသူငယ်ချင်းလက်ဆောင်၊ တိုင်းရင်းသား ဓလေ့ထုံးစံလက်ဆောင်၊ တွေးခေါ်မြော်မြင်ခြင်းလက်ဆောင်၊ ခရီးသွားလာမှုနှင့် ပတ်ဝန်းကျင်လေ့လာရေးလက်ဆောင်၊ စာပေ၊ ဂီတ၊ အနုပညာလက်ဆောင်၊ နိုင်ငံရေးသိပ္ပံလက်ဆောင် စသည့် လက်ဆောင်ပေါင်းများစွာကို စိန့်ပန်းနီ၊ ပြာ၊ တမာ၊ ထနောင်း၊ ကုက္ကို၊ ခရေ၊ မန်ကျည်းရိပ်အောက် အမိတက္ကသိုလ်ရင်ခွင်တွင်း ပွေ့ပိုက်၍ တယုတယ ပေးဝေခဲ့သည့် အမိတက္ကသိုလ်ရာပြည့်သဘင်တွင် အမိတက္ကသိုလ်ရင်ခွင် ပညာသင်ကြားခဲ့ရစဉ် ကြုံတွေ့ခံစားခဲ့ရသည့် လွမ်းမောဖွယ် အတွေ့အကြုံလေးများကို အညာတမာ-၁၀၀ အဖြစ် ထုဆစ်ပုံသွင်း၍ လက်ဆောင်အဖြစ် ဝေငှခံစားဖို့ စေတနာသည် အကောင်အထည်ပေါ်ခဲ့ပြီ ဖြစ်သည်။

ခင်အောင်ဝင့်(မြန်မာစာ)က တက္ကသိုလ်မြေသို့ ပထမဦးစခြေချသည့်နေ့မှ အဖြစ်အပျက်များ၊ ရယ်ရွှင်ဖွယ် အဖြစ်အပျက်များ၊ အရွှတ်အနောက်သန်သော ကျောင်းသားဘဝ၊ ကျောင်းအတွင်း မြင်ကွင်းများကို ဟာသနှော၍ ပျော်စရာရပ်ဝန်းအကြောင်း တင်ပြထားသည်။ ငယ်ဦး(စည်ပင်)က မန္တလေး တက္ကသိုလ် ညနေသင်တန်းအကြောင်း ကဗျာနှင့် စာစုစီထားသည်။ အမိမြေနှင့် ဝေးနေသည့် သူငယ်ချင်း ဆောင်းချမ်းမြ(မန်းတက္ကသိုလ်)ကလည်း အမိတက္ကသိုလ်၏ ငလျင်ကြောင့် ဒဏ်ရာဒဏ်ချက် ရခဲ့ခြင်းအတွက် မချိတင်ကဲ ဝမ်းနည်းစွာ ကဗျာ လေးဖွဲ့ခဲ့ပါတယ်။ ကဗျာဖွဲ့သည့်ပုံစံကို ကြည့်ရင်း သတ္တဗေဒက ကိုခင်မောင်ထူး(ယခု ရဟန်းဘဝ)ရဲ့ စပ်ခဲ့တဲ့ ကဗျာများကိုပါ သတိရရင်း၊ ထိုပုံစံကဗျာများ ခေတ်စားခဲ့၊ ရေးသားခဲ့ကြ သည်ကို အမှတ်ရမိပြန်သည်။ ဆဏ်းဝင်းအောင်ကလည်း 'တမာတန်းများ၊ မြေနီလမ်းနှင့် ရေမြောင်းတစ်လျှောက်၊ အတူတူ ဖြတ်သန်းခဲ့၊ ၇၃လမ်းဆီ စက်ဘီးလေးတွေ ကိုယ်စီနဲ့' အစချီတဲ့ ကဗျာနဲ့ လွမ်းစာဖွဲ့ထားသေးသည်။ ဖွန်မိုးကလည်း စီးဆင်းခဲ့တဲ့ ရေနီမြောင်းအကြောင်း ကဗျာကောင်းလေး ဖွဲ့သီပေးထားသေးသည်။ ညီတင့်ကလည်း 'ပုံပြင်'ဆိုတဲ့ကဗျာနဲ့ တက္ကသိုလ်ပုံသွင်း ဓာတ်လမ်းဆင်ထားသည်။ ဦးတင်မြင့်(မန္တလေး)ကလည်း အင်္ဂလိပ်မြန်မာ နှစ်ဘာသာနဲ့စာစု ဖတ်မငြီးအောင် ပြုထားပြန်သည်။ နိုင်စေရ(မန်းတက္ကသိုလ်)ကလည်း 'တက္ကသီလာ မန္တလာ မဟာမော်ကွန်းတော်'ကဗျာဖြင့် တက္ကသီလာ မန္တလာ၏ သမိုင်းဖြတ်သန်း ခေတ်ဓာတ်လမ်းကို အခန်းဆက်၍ ရေးဦးမည်ဟု ကြွေးကျော်ထားသေးသည်။ နိုင်ဗလက တက္ကသိုလ် ကျောင်းသားဘဝအစ တစ်ဦးနှင့်တစ်ဦး အထင်ကြီး ယုံကြည်မှုဖြင့် မမေး၊ မစမ်းဘဲ အဖွဲ့အစည်းအလိုက် ဆုံးဖြတ်ချက်ချ ပျော်စရာရှာရာမှ အရှက်ရခဲ့ပုံကို ဝတ္ထုပမာ လွမ်းစရာ တင်ပြထားသည်။ မောင်စိုးသစ်က 'သံစဉ်မဲ့အပြုံး'ခေါင်းစဉ်ဖြင့် တက္ကသိုလ်မှ အချစ်ဇာတ်လမ်းတစ်ပုဒ်ကို သရုပ်ဖော်ပေးထားသည်။ မောင်ထွေးအောင်(ချောက်)က တက္ကသိုလ် မဂ္ဂဇင်းကို စာမူပို့တဲ့ အတွေ့အကြုံ အရွေးမခံရလို့ ခံပြင်းခဲ့ပုံနှင့် အရွေးခံရသော 'မန်းတက္ကသိုလ်ဘွဲ့ တျာချင်းနဲ့ ကျွန်တော်'ဆိုပြီး တက္ကသိုလ်မှာ စာပေ ဘဝ ဖြတ်သန်းခဲ့ပုံလေး တင်ပြထားပြန်သည်။ မောင်သမုဒယ(မန်းတက္ကသိုလ်)က စာသင်ကျောင်း၊ အချစ်ကျောင်း၊ ဘဝကျောင်း၊ ပန်းပွင့်ကျောင်း၊ ဝက်ပါကျောင်းဆိုပြီး တင်စားကဗျာ ဖွဲ့ဆိုပေးထား သည်။ မျှခြေ(ရူပ)က 'ဝိဇ္ဇာသိပ္ပ ဒိဋ္ဌအလင်း၊ ကိုယ်စီခွင်းရာ 'မြတ်'နေရာသို့ ခဏတိုင်းတွေး 'တ'တိုင်းရေးမိ ကမ္ဘာ့လိုင်မွေး မန္တလေးဂုဏ်၊ ပညာဘုံထဲ လွန်ကြွယ်ဆဲ၊ အမြဲနှစ်လို မန်း တက္ကသိုလ်'ဆိုပြီး ဂုဏ်တင်ကဗျာ သာယာစွာ ရေးဖွဲ့ထားသည်။ မျိုးညွန့်ချစ်ထူးကလည်း 'အို သစ္စာ'ကဗျာနဲ့ သစ္စာကို တိုင်တည်ပြီး ကဗျာနှင့် စီထားသည်။ ယုမွန်ကလည်း 'မန်းမြေနှင့်အတူ' ကဗျာနှင့် အားဖြည့်ပါဝင်ထားသည်။ သွယ်အောင် က 'အို…အမေ သားလေး…ကဗျာဆရာဖြစ်တဲ့ တစ်နေ့၊ မမေ့တဲ့ အညာတက္ကသိုလ်အကြောင်း၊ ကဗျာနဲ့ ကြေညာမောင်းခတ်ဝေ၊ ကျေးဇူးတွေ မမေ့ဘူးဆိုတာ သက်သေပြပါ့မယ်လေ'တဲ့ …။ အနှစ်(နဘူးအိုင်)ကလည်း 'သိင်္ဂါရ နံနက်ခင်း' ကဗျာနဲ့ လက်စွမ်းပြ ခြယ်သထားသည်။ အောင် ကျော်မိုး(စလင်း)ကလည်း 'အို … မိခင်'ခေါင်းစဉ် ဖြင့် အမိတက္ကသိုလ်သမိုင်းကြောင်းနှင့် နှစ်ထောင် သောင်း ရှင်စေ၊ သန်စေရန် ဆုတောင်းပတ္ထနာ ကဗျာရှည် တင်ဆက်ထားသည်။ ဥုး မန္တလေးက '၃၅ နှစ် အချစ်သစ္စာ'ခေါင်းစဉ်ဖြင့် နယ်စွန်၊ နယ် ဖျား တိုင်းရင်းသားသူငယ်ချင်း ဘွဲ့လာမယူနိုင်၍ ရေးထားသောကဗျာကို လွမ်းမောဖွယ် ဝေဒနာကဗျာ တစ်ပုဒ်ဖြင့် အဆုံးသတ်ပေးထားသည်။

အညာတမာ-၁၀၀ ဖြစ်ရန် နှစ်ချီ၍ စီစဉ်ခဲ့ ကြသည်။ ဆွေးနွေးတိုင်ပင်ခဲ့ကြသည်။ စိတ်တူ ကိုယ်မျှ သူငယ်ချင်းတို့ ဝေးကွာနေကြရာမှ အညာ တမာ-၁၀၀ ကို အကြောင်းပြု၍ မကြာခဏ ဆုံကြသည်။ စကားစမြည်ပြောရသည်။ ကျောင်း သားဘဝ၏ ရင်းနှီးမှုများ ပြန်လည်နိုးထလာသည်။ ဘဝအမောကို တစ်ခဏ ပြေစေသည်။ သတင်းစာ




တိုက်တွင် နေ့၊ ညတာဝန်ကျသဖြင့် အိပ်ရေးက ပျက်၊ မအိပ်ဘဲ ရာပြည့်သဘင် အမှတ်တရ မဂ္ဂဇင်းစာမူများကို စစ်၊ မိသားစုအရေးကိစ္စ ဆောင်ရွက်ရင်း ၄၅ မိနစ်မျှ ကျောဆန့်သည်က လွဲ၍ ၃၆ နာရီခန့် အိပ်ရေးပျက်ခဲ့သည်။ နေပူ ထဲတွင် ဆိုင်ကယ်ဖြင့် သွားလာနေခဲ့သဖြင့် ဖျား တော့သည်။ နောက်တစ်နေ့ မဂ္ဂဇင်းစာမူများ လည်း မစစ်နိုင်၊ ဩဂုတ် ၁၈ ရက် ညနေပိုင်းတွင် ကိုသန်းမြင့်အောင်(ရူပဗေဒ)ထံ ဖုန်းဆက်၍ စာအုပ်ရပြီဖြစ်ကြောင်း ပြောသည်။ ကိုသန်းမြင့် အောင်က လိုငွေကို မေးသဖြင့် ၁၀ သိန်းဟု ဖြေရာ အခုလွှဲလိုက်ပြီဟုဆိုကာ ချက်ချင်းလွှဲ သည်။ သူငယ်ချင်းများထံမှ ထည့်ဝင်ငွေ ကျန် သေးကြောင်း လူစုံမှ ကုန်ကျငွေပြောမည်ဖြစ် ကြောင်း၊ စိုက်ရသက်သာစေရန် ပြောသော်လည်း ချက်ချင်းလွှဲခဲ့သည်။ ထိုကဲ့သို့ စိတ်ပါလက်ပါဖြင့် မထင်မှတ်လောက်အောင် ကူညီသူမျိုး ဘဝတွင် နှစ်ကြိမ်သာ ကြုံဖူးသည်။ ကျေးဇူးတင် ဝမ်း မြောက်မိသည်။ ပုံနှိပ်တိုက်သို့ ဖုန်းဆက်၍ စာ အုပ်ပို့နိုင်ကြောင်း ပြောပြီး ချက်ချင်းငွေချေပေး ခဲ့သည်။ ပြီးမှ သူငယ်ချင်းများထံ ဗိုက်ဗာမှ အကြောင်းကြားခဲ့သည်။

ဤသို့ဖြင့် အညာတမာ-၁၀၀ ရသစာစုများ စာအုပ်ဖြစ်တည်လာခဲ့သည်။ မောင်မောင်လှတင့် (မန်းတက္ကသိုလ်)ကလည်း ဓာတ်ပုံများ အခမဲ့ သုံးစွဲရန်သာမက ငွေအား ဒြဲ့ခံမှုစရိတ်တို့ကို စေတနာပြည့်စွာ ကူညီပေးခဲ့သည်။ မချိုချိုအောင် (ရူပဗေဒ)ကလည်း စာမရေးသော်လည်း လာ ရောက်တွေ့ဆုံဆွေးနွေးပြီး ငွေကြေးကအစ ကူညီ ပေးခဲ့သည်။ အညာတမာ-၁၀၀ တွင် ပါဝင်ရေး သားကြသည့် သူငယ်ချင်းများက နယ်ပယ်စုံလှ သည်။ သတင်းစာအယ်ဒီတာသုံးယောက်၊ လက်/ ညွှန်၊ လက်ရှိအချိန်အထိ မန္တလေးတက္ကသိုလ်တွင် တာဝန်ထမ်းနေသည့် ပါမောက္ခနှစ်ဦး၊ ဘာသာပြန် စာရေးဆရာ၊ လုံးချင်းထုတ်ပြီး စာရေးဆရာ၊ အောင်မြင်နေသော ကျူရှင်ဆရာများ ဖြစ်သည်။ ထို့ပြင် မေတ္တာရှေ့ထား ဝိုင်းဝန်း၍ လူအား၊ ငွေ အား ကူညီသော သူငယ်ချင်းများလည်း စုဆုံ၍ အညာတမာ-၁၀၀ ဖြစ်တည်လာခဲ့သည်။ ရာပြည့် သဘင်အခမ်းအနားတွင် ဖြန့်ချိမည်ဖြစ်သည်။ မြို့ပေါ်စာအုပ်ဆိုင်များသို့လည်း ဖြန့်ထားသည်။ စာအုပ်ထွက်ထွက်ခြင်း Mandalay Info မှ လာရောက် အင်တာဗျူး၊ ရုပ်သံရိုက်ပေးခဲ့သည်။ ကျောင်းသားဟောင်းများ၏ စေတနာ၊ မေတ္တာ၊ ပေါင်းစည်းမှုမှ ထွက်ပေါ်လာသော အညာတမာ- ၁၀၀ ရသစာစုများအား ညွှန်းစာဖွဲ့ရန်မလို၊ လေ့လာကြည့်ပါစို့ဟုသာ စကားလက်ဆောင် ပါးလိုက်ရပေသည်။

နိုင်ဗလ

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ-၆)၊ ဦးပိုင်နံပါတ်(၁၀၅-ခ)ဟု ခေါ်တွင်သော မြေဧရိယာ(၀.၀၁၃၇)ဧက အကျယ်အဝန်းရှိ ဦးသောင်းမြင့်ဌေး အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်နန်းခင်သီရိကျော်(ဘ)ဦးကျော်စိုးဦး(၁၃/လရန(နိုင်)၁၂၇၇၃၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်အေးစုထွန်း(LL.B, LL.M, DBL)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်မာမာဌေး(LL.B)** — **တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၁၂လမ်းနှင့် ၁၁၂(B)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၄၀၂၆၀၆၀၄၁၊ ၀၉-၄၀၂၆၇၀၄၄၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၉)၊ ဦးပိုင်နံပါတ်(၁၄၇)ဟု ခေါ်တွင်သော မြေဧရိယာ(၀.၀၂၇၅)ဧက၊ ပေ(၃၀ × ၄၀)အကျယ်အဝန်းရှိ ဒေါ်တင်မိုးလွင်နှင့် ဦးသန်းမြင့်တို့ အမည်ဖြင့် ပူးတွဲမြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အနောက်ဘက်ခြမ်း (၁၅ ပေ × ပေ ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးလှပို(ဘ)ဦးတင်သောင်း(၅/ရဥန(နိုင်)၀၀၁၂၉၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်အေးစုထွန်း(LL.B, LL.M, DBL)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်မာမာဌေး(LL.B)** — **တရားလွှတ်တော်ရှေ့နေ**

၅၄လမ်း၊ ၁၁၂လမ်းနှင့် ၁၁၂(B)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၂၆၀၆၀၄၁၊ ၀၉-၄၀၂၆၇၀၄၄၇

## မန္တလေးမြို့၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ စက်မှု(၁)၊ အကွက်အမှတ်(နန-၂၁)၊ ဦးပိုင်အမှတ်(၄၇) မြေပေါ်ရှိ အဆောက်အအုံနှင့်ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း

အထက်အကြောင်းအရာပါ ကိစ္စနှင့်ပတ်သက်၍ မန္တလေး၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ စက်မှု(၁)၊ အကွက်အမှတ်(နန-၂၁)၊ ဦးပိုင်အမှတ်(၄၇)နေ ဦးမင်းခိုင်(ဘ)ဦးကျော်သန်း(၉/ကဆန(နိုင်)၁၁၈၂၅၉)နှင့် ဒေါ်ဇာဇာသင်း(ဘ) ဦးမောင်ထွန်း(၉/နထက(နိုင်)၁၂၆၄၅၆)တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေများသည် အထက်ဖော်ပြပါမြေကွက်ကို လွန်ခဲ့သော နှစ်ပေါင်း(၂၀)နီးပါးက မူလမြေချထားခံရသူထံမှ မြေကို ဝယ်ယူခဲ့သူထံမှ ထပ်ဆင့်လက်ရှိလက်ရောက် ဝယ်ယူ၍ နေအိမ်ဆောက်လုပ်ပြီး အိမ်ထောင်စုဇယားဖြင့် နေထိုင်ခဲ့သူများ ဖြစ်ပါသည်။ ထိုသို့ နေထိုင်လာခြင်းနှင့်ပတ်သက်ပြီး ကျူးကျော်နေထိုင်ခြင်း လုံးဝမဟုတ်ဘဲ မြေခွန်၊ အိမ်ခွန်များ ထမ်းဆောင်၍ လက်ရှိနေထိုင်ခဲ့ကြသူများ ဖြစ်ပါသည်။ ထို့ကြောင့် **'ကျူးကျော်နေထိုင်သူများ'**ဟု စွပ်စွဲချက်သည် မှန်ကန်မှု လုံးဝမရှိပါ။ ထိုသို့ နေထိုင်လာမှုနှင့်ပတ်သက်၍လည်း ကျွန်ုပ်မိတ်ဆွေများက (၁၅-၆-၂၀၂၅)ရက်တွင် မန္တလေးမြို့၊ မဟာအောင်မြေခရိုင်၊ ခရိုင်စီမံအုပ်ချုပ်မှုကောင်စီဥက္ကဋ္ဌထံ အသေးစိတ် တင်ပြထားပြီး ဖြစ်ပါသည်။

ထိုမြေပေါ်တွင် နေထိုင်လာပြီးနောက် သားသမီးများ မွေးဖွားခဲ့ပြီး ယခုအခါ၌ အကြီးဆုံးသားမှာ အသက်(၁၇)နှစ် ရှိပြီဖြစ်ပါသည်။ ထိုသို့ ဥပဒေနှင့်အညီ အခွန်အခများ ထမ်းဆောင်၍ နေထိုင်လာသူ ကျွန်ုပ်မိတ်ဆွေများအပေါ် ယခုအခါတွင် **'ကျူးကျော်နေထိုင်သူများ'**ဟု စွပ်စွဲချက်များသည် မှန်ကန်မှုမရှိကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

| **လွှဲအပ်ညွှန်ကြားသူများ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
|---|---|
| **၁။ ဦးမင်းခိုင်(ဘ)ဦးကျော်သန်း (၉/ကဆန(နိုင်)၁၁၈၂၅၉)** | **ဦးကျော်ညွန့် (LL.B)** |
| **၂။ ဒေါ်ဇာဇာသင်း(ဘ) ဦးမောင်ထွန်း (၉/နထက(နိုင်)၁၂၆၄၅၆)** | **တရားလွှတ်တော်ရှေ့နေ** |
| | **အမှတ်စဉ်-၃၅၈၉ (၂၆-၂-၈၆)** |
| | **၃၈-အေလမ်း၊ ၆၆လမ်းနှင့် ၆၇လမ်းကြား၊ မဟာမြိုင်ရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။** |
| | **ဖုန်း ၀၉-၇၉၇၇၃၉၆၅၆** |

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ကက-၅)၊ ဦးပိုင်အမှတ်(၁)၊ ဧရိယာ(၀ ဒသမ ၁၁)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်စုဆိုင်(ဘ)ဦးဟွေအန်(၁၃/မဆတ(နိုင်)၀၁၈၁၅၄)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးလှဘုန်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဦးဝင်းမောင် |
|---|---|---|---|---|
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**အမှတ်(အေ-၁)၊ ၆၇-လမ်း၊ ၃၁-အေလမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်(A-၉)၊ ဦးပိုင်အမှတ်(၁၂)၊ ဧရိယာ(၀ ဒသမ ၁၆၅၃)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဦးဇော်ဇော်အောင်(ဘ)ဦးဖူကွေးဖြိုး(ခ)ခင်မောင်(၉/ခအဇ(နိုင်)၀၁၇၉၅၂) အမည်ပေါက် ဂရန်မြေကွက် ဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် အမည်ပေါက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဇော်ဇော်အောင်(ဘ)ဦးဖူကွေးဖြိုး(ခ)ခင်မောင်(၉/ခအဇ(နိုင်)၀၁၇၉၅၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ ဂရန်မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄) ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

| **ဦးသန်းရွှေ** | **ဦးအောင်ဖြိုးမောင်** | **ဒေါ်နန်းဖြူဖြူအေး** |
|---|---|---|
| **B.A (Hist), H.G.P** | **LL.B** | **B.Sc.PGDL** |

**အထက်တန်းရှေ့နေများ**

**၅၃လမ်း၊ ၁၁၀(A)လမ်းနှင့် ၁၁၀(B)လမ်းကြား၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၅၁၄၀၄၇၈၊ ၀၉-၇၆၇၆၃၈၅၀၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(စစ-၃)၊ ဦးပိုင်နံပါတ်(၇၅)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးဖေသိန်း အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ပူးတွဲဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဦးခင်မောင်သိန်း(ဘ)ဦးကြည်(၈/ပခက(နိုင်)၁၆၂၆၇၄)နှင့် ဒေါ်စီစီလွင်(ဘ)ဦးဖိုလ်စီ(၈/ပခက(နိုင်)၁၅၈၄၅၂) [၎င်းတို့၏ကိုယ်စား ဦးသော်တာ(ဘ)ဦးကြူး(၉/အမဇ(နိုင်)၀၂၀၆၇၄)]တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

| **ဦးတင်အောင်မိုး (LL.B, LL.M)** | **ဒေါ်အိအိမွန် (LL.B, LL.M)** |
|---|---|
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

| **ဒေါ်ယုသစင်အောင် (LL.M)** | **ဒေါ်အေးနန္ဒာထွန်း (LL.B)** | **ဒေါ်မာလာစိုး (LL.B)** | **ဒေါ်ဖူးသန့်မွန် (LL.B)** |
|---|---|---|---|
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၁၂)၊ ဦးပိုင်နံပါတ်(၄၆)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၆၀၆)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိအမည်ပေါက် ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမျိုးမြင့်သန်း(ခ)ဦးမျိုးမြင့်(ခ)ဦးဘဟိန်း(ဘ)ဦးလှထွန်း(၉/မတရ(နိုင်)၀၅၄၅၃၀)(CHU-၀၆၃၅၀၅) [၎င်း၏ကိုယ်စား သားဖြစ်သူ ဦးအောင်ရဲနိုင်(ဘ)ဦးမျိုးမြင့်သန်း(၉/ခမစ(နိုင်)၀၃၉၄၉၅)]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

| **ဦးတင်အောင်မိုး (LL.B, LL.M)** | **ဒေါ်အိအိမွန် (LL.B, LL.M)** |
|---|---|
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

| **ဒေါ်ယုသစင်အောင် (LL.M)** | **ဒေါ်အေးနန္ဒာထွန်း (LL.B)** | **ဒေါ်မာလာစိုး (LL.B)** | **ဒေါ်ဖူးသန့်မွန် (LL.B)** |
|---|---|---|---|
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၇၅)၊ ဦးပိုင်အမှတ်(၁၂)ခဲစင်းတောင်ခြမ်း၊ ၄၉လမ်းနှင့် ၅၀လမ်းကြား၊ မင်းကြီးရန်နောင်လမ်းနှင့် မင်းရဲကျော်စွာလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကျော်လှိုင်(၅/ရဥန(နိုင်)၀၀၇၅၇၈)က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(ဘ-၄)၊ ဦးပိုင်အမှတ်(၂၁က+၂၁ခ)၊ ၅၈လမ်းနှင့် ၅၇လမ်းကြား၊ ကျန်စစ်သားလမ်းနှင့် ပရံတော်ချောင်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သီတာဝင်း(၁၃/နစန(နိုင်)၀၅၄၉၈၄)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာညီမြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(ဏ-၄)၊ ဦးပိုင်အမှတ်(၅၇)၊ ၆၄လမ်း၊ ၁၀၅လမ်းနှင့် ၁၀၆လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါက်တာတင်လတ်(၁၂/လမတ(နိုင်)၀၁၈၂၄၁)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၁၇)၊ ဦးပိုင်မှတ်(၅၄)၊ ၆၈လမ်းနှင့် ၆၉လမ်းကြား၊ ကုသိုလ်တော်လမ်းနှင့် မင်းကြီးရန်နောင်လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်လှမြင့်(၉/မနမ(နိုင်)၀၈၈၅၅၉)၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၃၅၉၈/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ညိုမီချမ်း(၁၃/သပန(နိုင်)၀၉၉၄၂၄)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၃၁)၊ ဦးပိုင်အမှတ်(၁၇)၊ ၄၇လမ်းနှင့် ၄၈လမ်းကြား၊ ၁၀၉(A)လမ်းရှိ ဘောဂရန်မြေကွက်အမည်ပေါက်သူ ဦးမြဟန် ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၁၂၄၅/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့ကြသော ဒေါ်ဝင်းဝင်းမြင့်(၉/မနမ(နိုင်)၀၅၉၅၈၆)၊ ဦးကျော်လွင်(၉/မနမ(နိုင်)၀၀၇၃၆၀)တို့၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၄၅၁၄/၂၀၂၀)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးစိုင်းမောဝ်ဆိုင်(၁၃/မရန(နိုင်)၀၃၂၁၅၆)က ဘောဂရန်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဂဂ-၂)၊ ဦးပိုင်အမှတ်(၃၅)၊ ၁၀၃လမ်းနှင့် ၁၀၄လမ်းကြား၊ ၅၈လမ်းနှင့် ၅၉လမ်းကြားရှိ ဘောဂရန်မြေကွက်အမည်ပေါက်သူ ဗိုလ်မှူးအေးသော်(၁၂/ဒဂန(နိုင်)၀၁၀၆၉၁)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၉၅/၁၉၉၈)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ခင်မြမြ(၉/မနမ(နိုင်)၀၉၁၉၇၄)က ဘောဂရန်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဖ-၇)၊ ဦးပိုင်အမှတ်(၂၀၇)၊ ၅၅(C)လမ်း၊ ၁၁၁လမ်းနှင့် ၁၁၂လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးသက်နိုင်(၉/မနမ(နိုင်)၀၁၁၁၃၁)၊ ဦးမြင့်နိုင်(၉/မနမ(နိုင်)၀၀၂၂၁၂)၊ ဦးစန်းယု(၉/မနမ(နိုင်)၀၀၂၂၁၃)တို့၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၇၃၈/၂၀၂၄)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးအောင်နိုင်ထွန်း(၉/မခန(နိုင်)၁၆၄၂၂၇)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၁၁)၊ ဦးပိုင်အမှတ်(၇၆)၊ ၆၀(B)လမ်းနှင့် ၆၁လမ်းကြား၊ ၁၃၄လမ်းနှင့် ၁၃၅လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ဖြူနုလွင်(၉/ပကခ(နိုင်)၀၀၆၉၉၄)၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၉၈၀၉/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ဇင်ငြိမ်းသူ(၉/ပဥလ(နိုင်)၀၃၂၂၉၅)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေအနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၂၆)၊ ဦးပိုင်အမှတ်(၅၇-ခ)၊ ၇၂လမ်း၊ ၂၉(A)လမ်းထောင့်ရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဇနီး ဒေါ်သောင်းသောင်း ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၁၅၇၃/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သည့် ခင်ပွန်း ဦးတင်ညွန့်(၉/မရတ(နိုင်)၀၄၀၆၀၄)က အမည်ပေါက်မြေပုံတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(အပိုင်း-၁)၊ ဦးပိုင်အမှတ်(၂၄)၊ ၁၁၁စီလမ်း၊ ၅၃လမ်းနှင့် ၅၄လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးထွန်းရီ(၉/ပသက(နိုင်)၀၂၆၆၁၀)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်သာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၃)၊ ဦးပိုင်အမှတ်(၇၉)၊ ၅၇လမ်းနှင့် ၅၈လမ်းကြား၊ ၁၁၃လမ်းနှင့် ၁၁၄လမ်းကြားရှိ မြေကွက်အား ဘောဂရန်အမှုတွဲအမှတ်(၃၉၆၃/၉၀-၉၁)အရ ဦးသောင်းနိုင် မှတ်ပုံတင်အမှတ်(WMDY-၂၈၃၄၃၀) အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန်။ ဦးစိုင်းအိုက်ဆာ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/နခန(နိုင်)၀၃၇၃၄၃)မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ အကွက်အမှတ်(၄၁၅-S)၊ ဦးပိုင်အမှတ်(၂၅-မ)၊ ၁၄လမ်း၊ ၈၆လမ်းနှင့် ၈၇လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကိုကိုလေး(၉/မနမ(နိုင်)၀၇၃၁၈၄)၊ ဒေါ်ယဉ်ယဉ်နိုင်(၉/မနမ(နိုင်)၀၇၃၀၉၃)တို့က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ အကွက်အမှတ်(၄၁၅-S)၊ ဦးပိုင်အမှတ်(၂၅-ယ)၊ ၁၄လမ်း၊ ၈၆လမ်းနှင့် ၈၇လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကိုကိုလေး(၉/မနမ(နိုင်)၀၇၃၁၈၄)၊ ဒေါ်ယဉ်ယဉ်နိုင်(၉/မနမ(နိုင်)၀၇၃၀၉၃)တို့က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၉၂)၊ ဦးပိုင်အမှတ်(၆၃)၊ ၄၄လမ်းနှင့် ၄၅လမ်းကြား၊ ဗထူးလမ်းနှင့် အောင်ဆန်းလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သီတာဝင်း(၉/မရတ(နိုင်)၀၁၉၈၉၈)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၅၂၅၄/၂၀၁၄)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်စိန်(၉/မခန(နိုင်)၁၁၆၉၅၃)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၂၇)၊ ဦးပိုင်အမှတ်(၈၃)၊ ၄၃လမ်း၊ ၅၈လမ်းနှင့် ၅၉လမ်းကြားရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ဦးတင့်ထူးလွင်(၁၂/ရကန(နိုင်)၀၁၈၃၅၈)က မြန်မာနိုင်ငံသားများ ဘဏ်တင်ပြရန်ရေးကူးခဲ့သော မြေပုံ၊ မြေရာဇဝင် ၁-က မှတ်တမ်းမိတ္တူမူရင်းတို့အား ပြန်လည်အပ်နှံနိုင်ခြင်းမရှိဘဲ၊ လက်ဝယ်တွင် အသိမ်းလွန်၍ ပျောက်ဆုံးသွားပါသဖြင့် ဂရန်စာချုပ်တင်ပြ၍ သက်တမ်းတိုးရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက် အမှတ်(မ-၃၆)၊ ဦးပိုင်အမှတ်(၄၈)၊ ၅၅လမ်း၊ ၄၁လမ်းနှင့် ၄၂လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးခင်မောင်တင့်(၉/မရတ(နိုင်)၀၁၂၉၈၉)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၉၃၄၃/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးထွန်းသိန်း(၁၃/လရန(နိုင်)၁၇၀၉၉၀)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေ ရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၃၂)၊ ဦးပိုင်အမှတ်(၁၄)၊ ၁၀၉လမ်းနှင့် ၁၁၀လမ်းကြား၊ ၄၆လမ်းနှင့် ၄၇လမ်းကြားရှိ ဘောဂရန်မြေကွက်အား အမည်ပေါက်သူ ဒေါ်မြစန်းကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၃၀၀/၂၀၂၃)ဖြင့် ပိုင်ဆိုင်ခဲ့သော ဒေါ်တီတီမာ(၉/မရမ(နိုင်)၀၆၇၈၅၄)၊ ဦးဇော်ဟန်(၉/မရမ(နိုင်)၀၂၀၂၄၅)၊ ဒေါ်ခင်အေး(၉/မရမ(နိုင်)၀၂၀၂၂၈)၊ ဒေါ်နီနီမာ(၉/မရမ(နိုင်)၀၆၇၈၅၅)တို့၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၉၉၅၅/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်မြင့်မြင့်စိန်(၅/စကန(နိုင်)၀၀၅၆၄၄)က ဘောဂရန်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဗ-၁၇)၊ ဦးပိုင်အမှတ်(၄၅-ခ)၊ ၅၅လမ်း၊ ၁၁၄လမ်းနှင့် ၁၁၅လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သင်းသင်းမာ(၉/မရမ(နိုင်)၀၆၈၅၄၂)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(စ-၃)၊ ဦးပိုင်အမှတ်(၆၃)ခဲစင်းတောင်ခြမ်း၊ ၆၅လမ်းနှင့် ၆၆လမ်းကြား၊ ၁၀၁လမ်းနှင့် ၁၀၂လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးသိန်းထွေး(၉/မရတ(နိုင်)၀၆၂၉၉၀)က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၆)၊ ဦးပိုင်အမှတ်(၈၉)၊ ၅၈(B)လမ်း၊ ၁၁၄လမ်းနှင့် ၁၁၅လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နှင်းအိနိုင်(၉/မရတ(နိုင်)၁၃၁၇၂၄)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

❖ တိုင်းပြည်တစ်ခုရဲ့အချုပ်အခြာအာဏာဆိုတာ သူတို့ကို မထိခိုက်ဘူးဆိုရင် တော်တော်များများက မလုပ်ကြဘူး။ သူတို့ရဲ့အချုပ်အခြာအာဏာ ထိခိုက်လာပြီဆိုရင်တော့ ပြန်လည်တုံ့ပြန်ကြရမှာတော့ သဘာဝပဲ။ ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မေလ ၈ ရက်နေ့တွင် ရုရှားနိုင်ငံ RT သတင်းဌာန၏ မေးမြန်းမှုများကို ဖြေကြားချက်မှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျားအား လက်ခံတွေ့ဆုံ



နေပြည်တော် ဩဂုတ် ၂၅

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ယနေ့ မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျားအား နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာရေး၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းများ ဆက်လက်အကောင်အထည်ဖော်ရေး၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ငလျင်ဘေး ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် တရုတ်နိုင်ငံက ဆက်လက်ပံ့ပိုးကူညီမည့် အခြေအနေတို့နှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့(UNFPA) ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ



နေပြည်တော် ဩဂုတ် ၂၅

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့(UNFPA)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Jaime Nadal Roig အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဝန်ကြီးဌာနနှင့် UNFPA အဖွဲ့တို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် မိခင်နှင့် မျိုးဆက်ပွားကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ မြှင့်တင်ရေး၊ နိုင်ငံတော်နှင့်ဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် မိခင်နှင့် ကလေးကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများတွင် ချမှတ်ထားသည့် မူဝါဒများနှင့်အညီ ပူးပေါင်းဆောင်ရွက်နိုင်ရေး နှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ UNFPA ရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

## အာရှချန်ပီယံလိဂ် အမျိုးသမီးကလပ် ခြေစစ်ပွဲအဖြစ် အား/ကာသိပ္ပံအသင်းက Strykers FC အသင်းအား ဂိုးပြတ်အနိုင်ရရှိ

ရန်ကုန် ဩဂုတ် ၂၅

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ အာရှချန်ပီယံလိဂ် အမျိုးသမီးကလပ် ခြေစစ်ပွဲ အုပ်စု(က) ပွဲစဉ်အဖြစ် မြန်မာကလပ် အား/ကာသိပ္ပံ အသင်းနှင့် ဂူအမ်ကလပ် Stry-kers FC အသင်းတို့ ရန်ကုန်မြို့၊ သုဝဏ္ဏကွင်းကြီးတွင် ယနေ့ ညနေ ၄ နာရီက ယှဉ်ပြိုင်ကစားကြရာ အား/ကာသိပ္ပံအသင်းက ဂူအမ်ကလပ် Stry-kers FC အသင်းအား ၉ဂိုး၊ ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။




အား/ကာသိပ္ပံ အသင်းသည် ဂူအမ်ကလပ် Strykers FC အသင်းအား တစ်ဖက်သတ်ဖိကစားပြီး ၉ဂိုးပြတ်ဖြင့် အနိုင်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

အား/ကာသိပ္ပံ အသင်းအတွက် သွင်းဂိုး ၉ဂိုးကို ဖြူဖွေး၊ ယဉ်လွန်းအိမ်၊ မေထက်လူ၊ လင်းမြင့်မိုရ်၊ ဖြူဖြူဝင်း၊ ရွှေရည်ထွန်း၊ စန်းသော်သော်၊ မိုးမိုးသန်းတို့က အသီးသီးသွင်းယူပေးခဲ့သည်။

မြန်မာကလပ် အား/ကာသိပ္ပံအသင်းသည် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ အာရှချန်ပီယံလိဂ် အမျိုးသမီးကလပ် ခြေစစ်ပွဲအုပ်စု ဒုတိယပွဲစဉ်အဖြစ် ဩဂုတ် ၂၈ ရက် မြန်မာစံတော်ချိန် ညနေ ၄ နာရီတွင် မွန်ဂိုလီးယားကလပ် Khovd Western FC အသင်းနှင့် ရန်ကုန်မြို့၊ သုဝဏ္ဏကွင်းကြီးတွင် ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။ (NGB)

## နည်းပြ အာမိုရင်မ်အား ထုတ်ပယ်ပေးရန် မန်ချက်စတာယူနိုက်တက်အသင်းထံ အသင်းပရိသတ်များတောင်းဆို

မန်ချက်စတာ ဩဂုတ် ၂၅

မန်ချက်စတာယူနိုက်တက် အသင်း ပရိသတ်များသည် ရာသီအစပိုင်းမှာတွင် အသင်းရလဒ်ပိုင်း ထင်သလောက် ကောင်းမွန်ခြင်းမရှိသောကြောင့် နည်းပြအာမိုရင်မ်အား ရာထူးမှ ထုတ်ပယ်ပေးရန် အသင်းထံ တောင်းဆိုမှုများ ပြုလုပ်ခဲ့ကြသည်။

မန်ချက်စတာယူနိုက်တက် အသင်းသည် ပရီးမီးယားလိဂ်ပွဲစဉ် (၂)ပွဲကစားအပြီးတွင် တစ်ပွဲသရေ၊ တစ်ပွဲရှုံး ရလဒ်ဖြင့် အဆင့်(၁၆)နေရာတွင် ရပ်တည်ပြီး ရလဒ်ထင်သလောက်ကောင်းမွန်ခြင်း မရှိသောကြောင့် နည်းပြ အာမိုရင်မ်အား ရာထူးမှ ထုတ်ပယ်ပေးရန် အသင်းပရိသတ်များက တောင်းဆိုလာခြင်းဖြစ်သည်။

မန်ချက်စတာယူနိုက်တက် အသင်း ပရိသတ်များသည် ယခုနှစ်ဘောလုံးရာသီတွင် နည်းပြအာမိုရင်မ်၏ ပွဲထွက်ကစားသမားလူထုတ်ပုံကို မကျေမနပ်ဖြစ်နေသည့်အပြင်၊ နွေရာသီဈေးကွက်အတွင်းတွင်လည်း စတာလင်ပေါင် သန်း ၂၀၀ကျော်အထိ အသုံးပြု ပြင်ဆင်ခဲ့ပေမယ့် အဖွင့်ပွဲစဉ် ၂ပွဲကစားအပြီးမှာပင် နိုင်ပွဲ ရယူနိုင်ခြင်းမရှိသည့်အပေါ် မကျေမနပ်ဖြစ်ခဲ့ကြသည်။

ထို့ကြောင့် မန်ချက်စတာယူနိုက်တက်အသင်းအနေဖြင့် အသင်းပရိသတ်များတောင်းဆိုထားသည့်အတိုင်း နည်းပြ အာမိုရင်မ်အား ရာထူးမှ အမှန်တကယ် ထုတ်ပယ်သွားမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

မန်ချက်စတာယူနိုက်တက် အသင်းသည် လိဂ်ဖလား ဒုတိယအဆင့် ပွဲစဉ်အဖြစ် လာမည့် ဩဂုတ် ၂၈ ရက်တွင် Grimsby အသင်းနှင့်လည်းကောင်း၊ ပရီးမီးယားလိဂ် ပွဲစဉ်(၃)အဖြစ် လာမည့် ဩဂုတ် ၃၀ ရက်တွင် ဘန်လေအသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

နိုင်ကမ္ဘာ

